# ဓာတ်မနသိကာရေး

နှင့်

# နိဗ္ဗာနီအမြင်

ပိုင်းလော့ဆရာတော်

**အရှင်ဇေယျပဏ္ဍိတ**

**တရားစခန်းဝင်ယောဂီများအတွက်သာ**

**(သီးသန့်)**

၆၆၄

# ဇာတိမလာရေး နှင့် နိဗ္ဗာန်အမြင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရွှေတိဂုံဘုရား ကုန်းတော်ပေါ်မှာ ဝါတွင်း (၃) လကို ဟောရက်က (၁၂) ရက်ထဲ ရှိတာနော်။ ဒါကြောင့် ဆရာတော်ဘုရားကြီးတွေ ဆုံးမခဲ့တဲ့ ဘုရားဟောတရားတော်တွေကို လက်လှမ်းမှီသလောက် ပြန်ပြီး သင်ပေးပါ့မယ်။ ဝီရိယစိုက်ပြီး ကြိုးစားနာယူကြပါ။

ဘုရားရှင်ရဲ့ အလိုဆန္ဒအရ အဓိက (၂) ပိုင်း ရှိပါတယ်။ မသေခင်ကာလမှာ ဘုန်းဘုန်းအပါအဝင် ယောဂီတွေအားလုံး လောကဓံကို ခံနိုင်ရည်ရှိဖို့နဲ့ သေကာလကျတော့လည်း အပါယ်လေးပါးလွတ်ဖို့၊ နိဗ္ဗာန်ရောက်ဖို့လို့ မှတ်ပါ။ တကယ်တမ်း ဝိပဿနာတရားကို အချိန်တိုင်း အချိန်တိုင်း ပွားမယ်ဆိုရင် မနိုင်ကြသေးပါဘူး။ ဒီတော့က ဝိပဿနာတရားနဲ့ လွတ်တဲ့အချိန်၊ ကုသိုလ်စိတ်နဲ့ နေတတ်ဖို့လည်း လိုအပ်တယ်။ ဒါကြောင့် အခြေခံကုသိုလ်နဲ့ အကုသိုလ်ခွဲသိဖို့ဆိုတာ လိုအပ်တယ်။ ပြီးတော့မှ ဝိပဿနာပညာကို ရှုတတ်ဖို့လည်း လိုအပ်ပါတယ်။ တနည်းအားဖြင့် အချိန်တိုင်း ဘုန်းဘုန်းတို့လျှောက်တာ လမ်းသုံးလမ်းရှိနေတယ်ဆိုတာ သိဖို့လိုအပ်ပါတယ်။ လမ်း (၃) လမ်းက အစုန်လမ်း၊ အဆန်လမ်း၊ နိဗ္ဗာန်လမ်း (၃) လမ်းလို့ မှတ်ကြပါ။ ဒီဝါတွင်း ဥပုသ်ရက်တွေမှာ အတတ်နိုင်ဆုံး သင်ပေးပါ့မယ်။

**လမ်းပျောက်သူနှင့် ဝိစိကိစ္ဆာ**

ဝိစိကိစ္ဆာဆိုတာ လမ်းပျောက်တဲ့ ပုဂ္ဂိုလ်ကို ခေါ်တာပါ။ တောနက်ထဲမှာ မျက်စိလည်တဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်လို့ ဘုရားက ဥပမာပေးခဲ့ပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ လမ်းတွေကို မသိတော့ အရှေ့ဘက်ကို အနောက်ဘက်ပါလို့ သူများကပြောလည်း သွားရမှာဘဲ၊ တောင်၊ မြောက်ပြောလည်း လိုက်ရမှာဘဲနော်။ အဲဒီလိုဘဲ ကိုယ် ကိုယ်တိုင်က ကုသိုလ်၊ အကုသိုလ်၊ နိဗ္ဗာန်လမ်းဆိုတာကို မသိတဲ့သူ တွေအဖို့ သူများစကားမှာ လမ်းဆုံးရမှာနော်။ ဒါကိုသိဖို့ အရေးကြီးတယ်၊ သိပြီဆိုရင် ဝိစိကိစ္ဆာဟာလွတ်ပြီ၊ အခြားအကျင့်နဲ့ နိဗ္ဗာန်ရောက်တယ် ပြောလည်း မယုံတော့ဘူးတဲ့၊ အခြေခံ (၃) ချက်ပါတယ်နော်၊ ဒါကို အဓိက ထားပြီး သင်ကြရမယ်နော်။

ဒီလိုသင်တဲ့နေရာမှာ ဘုရားရှင်ရဲ့ ဉာဏ်ကျက်စားရာဖြစ်တဲ့ ဒေသနာ တော်ကို အခြေခံရလိမ့်မယ်၊ **မဇ္ဈိမဘာဏီ** ဆိုတဲ့ ကလောင်ရှင် စာရေးဆရာ ရေးထားတာ မှတ်စရာကောင်းတယ်၊ ''ကိုယ့်တိုင် ကိုယ် တရား ဗဟုသုတ ရှာတဲ့အခါ ကောက်သင်းကောက်သလို နေလိမ့်မယ်တဲ့နော်၊ သို့သော် ဝါရင့်တဲ့ ဆရာတော်ကြီးတွေရဲ့ ဩဝါဒကိုခံယူပြီး လိုက်ရင်တော့ စပါးပုံကြီးကို ရလိုက်သလို ဖြစ်လိမ့်မယ်တဲ့''၊ ဆုံးမထားတာ မှတ်စရာကောင်းတယ်။ **ထေရဝါဒ သာသနာ ဆိုတာ** တကယ်တော့ မထေရ်မြတ်တွေရဲ့ ဩဝါဒ အစဉ်အဆက်ကို ခံယူလာတာနော်၊ ဘုန်းဘုန်း အခုပြောတဲ့ တရားတွေဟာ လည်း ကိုယ်သိ ကိုယ်တတ် ဟောတာမဟုတ်ပါဘူး။

**ထေရဝါဒသာသနာ**

ထေရဝါဒသာသနာဆိုတာ သေသေချာချာ မှတ်ပါအုံး၊ ဘုရားကိုယ်တော်တိုင် နှုတ်ကနေ သင်ကြားတာကို နားနဲ့ ဆတ်ဆတ်ကြားရတဲ့ မထေရ်ကြီးတွေ၊ သံဃာတော်ကြီးတွေ စာပေနဲ့ သေသေချာချာ ဆောင်ထားကြပြီး ကိုယ်တိုင်ကိုယ်ကျ စာပေရဲ့အနက် အဓိပ္ပာယ်ကိုလည်း မှတ်ယူပြီး ကျင့်ကြတဲ့ ရဟန္တာကြီးတွေ၊ မထေရ်ကြီးတွေရှိကြတယ်တဲ့။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက်လည်း ကျန်ခဲ့ကြတယ်။ အရှင်မဟာကဿပမထေရ်ကြီးတို့၊ အာနန္ဒာမထေရ်တို့ ဆိုပါတော့နော်။ ထိုမထေရ်တွေက အဆင့်ဆင့် လက်ဆင့်ကမ်းပေးပြီး သင်ကြရတယ်။ စာပေရော၊ စာပေရဲ့အနက်အဓိပ္ပာယ်ရော၊ ကျင့်စဉ်ရော သင်ကြားပေးခဲ့တာတွေရှိတယ်။ အဲဒီ ဆရာတော်မထေရ်ကြီးတွေဆီက အဆင့်ဆင့် နည်းနာနိဿျခံပြီး လာခဲ့ကြတဲ့ ရဟန္တာကြီးတွေ ရှိကြပါတယ်။

သီဟိုဠ်ခေတ်ရောက်တော့ ရှင်မဟိန္ဒ၊ ထေရိမ သဃမိတ္တကို့ ကြားဖူးတယ်နော်။ ရဟန္တာကြီးတွေဘဲ။ သီဟိုဠ်ကတစ်ဆင့် သထုံဘက်ကိုကူးတော့လည်း အရှင်မဟာမောဂ္ဂလိတိဿမထေရ်တို့ ... အစရှိတဲ့ ရဟန္တာတွေရောက်လာတယ်။ နောက် သထုံကနေ ရဟန္တာသွားတဲ့ ရှင်အရဟံကလည်း ပုဂံရောက်၊ အဲဒီနောက် ပုဂံကနေပြီး သာသနာပြန့်ခဲ့တာတွေ ကြားဖူးတယ်နော်။ ဘုန်းဘုန်းတို့ သာသနာဟာ ထေရဝါဒ သာသနာလို့ ခေါ်တယ်။ ထေရဝါဒသာသနာရဲ့ ထူးခြားချက်ဟာ ဘာလည်းဆိုတော့ ဒီလို စာပေတွေကို ဆောင်တဲ့အပြင်၊ ကျက်တဲ့အပြင် သူ့ရဲ့အနက် အဓိပ္ပါယ်ကိုလည်း ဂဃဏန ဆရာများ အဆက်ဆက် ရအောင်ယူထားတယ်။ ပြီးတော့ကျင့်ကြတယ်။ ဒါကြောင့်မို့ ရှေးဆရာများအဆက်ဆက် ဆုံးမခဲ့ကြတဲ့ ဆောင်ပုဒ်ရှိတယ်။ "**တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊**

**သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာ သာသနာ ကွယ်ကြောင်း တည်းတဲ့''** တရားလည်း နာကြရမယ်နော်။ ဒီစာပေတွေကိုလည်း သင်ရမယ်။ ကျင့်ရမယ်နော်။ ဒါဆိုရင် သာသနာမကွယ်ဘူး။ နားလည်ပြီနော်။ ဒီတော့ ဘုန်းဘုန်းတို့ အစဉ်အဆက် နည်းခံခဲ့တဲ့အတိုင်း သင်ကြရမယ်။

**ဝိပဿနာ၊ ပညာ** ဒီကနေတော့ ဝိပဿနာပညာကို ဘုန်းဘုန်းတို့ ကြိုးစား သင်ကြည့်ရအောင်၊ ဒီတရားပွဲမှာ ဝိပဿနာ ကျင့်တဲ့ သူတွေ ပါ – ပါလိမ့်မယ်။

ဝိပဿနာ ပညာသည် အဓိက ဘာလည်းလို့ မေးရရင်၊ အဓိက နံပါတ် (၄) အကွက်မှာပါတဲ့ ဇာတိမလာရေးကို အဓိကထားလိုက်ပါ။ တော်တော်များများဟာ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို နားလည်ပြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါလိမ့်မယ်လို့ ဘုန်းဘုန်းယူဆတယ်။ အလွတ်ဆောင်ပြီးတဲ့ သူတွေလည်း ရှိကြပါလိမ့်မယ်။ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များသည် အို၊ နာ၊ သေမှု ဆင်းရဲကို လွတ်ချင်လို့ တရားကျင့်ကြတာ မဟုတ်လား။ ဒီတော့ အို၊ နာ၊ သေမှု ဆင်းရဲရဲ့ အဓိကအကြောင်းကတော့ ဇာတိဘဲလို့ မှတ်ရမယ်နော်။

နံပါတ် (၄)အကွက် ဇာတိဘဲ နားလည်ပြီနော်။ ဒီတော့ ဇာတိမလာ အောင် ဘာလုပ်မလည်းလို့ မေးခွန်းမေးရတော့မယ်။ ဘုရားရဲ့ ဉာဏ်တော် ကြီးနဲ့ အဖြေမှန်ကို ထုတ်နိုင်ခဲ့တယ်၊ ဘုရားရဲ့ ပညာအလင်းက အဖြေမှန် ကို ထုတ်နိုင်ခဲ့တယ်။ ဇာတိမလာရေးအတွက် ဘာလုပ်ရမလဲလို့ မေးခွန်း မေးတော့ နံပါတ် (၃)အကွက်ကို ပြန်ကြည့်ရအောင်နော်၊ 'ကမ္မဘဝ'... ဒါကိုဖြတ်မှ ဇာတိမလာမှာနော်။ ကမ္မဘဝဆိုတာ ဘာကိုခေါ်သလဲလို့ သိဖို့လိုအပ်တယ်၊ ကမ္မဘဝဆိုတဲ့ စကားအဓိပ္ပါယ် အသမုတ်ခံစကားရဲ့

အသမုတ်ခံ သဘောဟာ ဘာကိုခေါ်တာလည်းဆိုတာ မသိရင် ဘုန်းဘုန်းတို့ ဟာ ကျင့်လို့ရပ့်ါမလား၊ (မရပါဘုရား . . . )။

ကမ္မဘဝဆိုတာ များသောအားဖြင့် ကံမြောက်တာလို့ ပြောကြမှာပေါ့။ ကာယကံ၊ ဝစီကံ ဖြစ်တာဘဲလို့ ပြောကြမယ်နော်။ ဒါဟာအကြမ်းမျဉ်းပေါ့။ သို့သော် ဝစီကံ၊ ကာယကံ မဖြစ်ဘဲနဲ့ ဇာတိဖြစ်နေ ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။

ဥပမာဆိုရင် ဈာန်ရ ရသေ့ကြီးတွေ ဆိုပါတော့နော်။ ဒေဝီလ ရသေ့ ကြီးတွေဆိုရင် စကားမပြောတော့ဘူး။ ပထမဈာန်ဆိုရင်ဘဲ ကျမ်းခံအရ ဝစီသင်္ခါရတွေသိမ်းပြီး ရင်ထဲမှာငြိမ်နေတယ် စကားမပြောတော့ဘူး။ စိတ်ကလည်း မှန်ထောင်ပြီး ပုံတွေကို အများကြီး မဖော်တော့ဘူး။ တစ်နေရာမှာဘဲ စိုက်ပြီး အာရုံယူတယ်။ အအေးဓါတ်ကို ခံစားနေတယ်။ ကသဲမှုန့် ရေဆွတ်သကဲ့သို့တဲ့၊ စိမ့်အေးပြီး ခံစားနေကြတယ်။ အခြား သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတာ မရှိတော့ဘူးနော်၊ အိမ်ထောင် သားမွေး စွန့်ကြတယ်။ အသီးအနှံကို စားပြီးကျင့်ကြသောကြောင့် တွေးစရာမှမရှိတာ၊ ကောင်းကင်ကို တောင်ပျံနိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတယ်။ အဲဒီလိုအေးချမ်းတဲ့ ပုဂ္ဂိုလ်တွေဟာ ရင်ထဲမှာ စကားမပြောဘူး၊ ကံမမြောက်အောင်နေတဲ့ ပုဂ္ဂိုလ်တွေဘဲ။ ဒါပေမယ့် ဇာတိဖြစ်တယ်၊ ပြဟ္မာဇာတိ သွားဖြစ်တာကို ပြောတာနော်။ စဉ်းစားစရာ ဖြစ်မနေဘူးလား။

**စိတ်နှလုံးအေးချမ်းရုံလောက်နဲ့ ဝိပဿနာဉီးတည်ချက်ဆုံးပြီ လားလို့** မေးရလိမ့်အုံးမယ်နော်။ အတော်ကို အေးချမ်းနေတဲ့ ပုဂ္ဂိုလ်ကြီး တွေနော်၊ ဘာအပူပင်မရှိဘဲ အေးချမ်းနေပြီး ကောင်းကင်တောင် ပျံနိုင်နေတဲ့ ပုဂ္ဂိုလ်တွေဘဲ။ ဒီလောက်အေးချမ်းရုံနဲ့ ဝိပဿနာ ပြီးပြီလားလို့ မေးရမှာ နော်. . ပြီးပြီလား . . ? (မပြီးသေးပါဘူးဘုရား . . . )၊ **ဇာတိလာနေတာကို**

**သတိထားရမယ်လေ၊ ပြဟ္မာဇာတိသွားဖြစ်သေးတာကို၊ အေးချမ်းမှုလေးကို ခံစားနေတာဟာ ဈာန်ဘဲရှိသေးတာနော်။** မဂ်မဟုတ်ဘူးလေ၊ သဘော ပေါက်ရဲ့လား။ ဒါဖြင့် ဘုန်းဘုန်းတို့ စဉ်းစားရမှာက ဒီအဆင့်လောက်နဲ့ ဇာတိ မပျောက်ဘူးဆိုတာ သေချာတယ်။ ( **ကသဲဆိုတာ သဲဆပ်ပြာကို ခေါ်တာပါ။· ဒီခေတ်တော့ ဆပ်ပြာမှုန့်** ပါဘဲ။)

ဒါဖြင့် နှလုံးအေးချမ်းရုံ ခံစားပြီးနေတဲ့ပုဂ္ဂိုလ်သည် ဘယ်လိုကမ္မဘဝ ရှိတယ်ဆိုတာ သိဖို့လိုအပ်တယ်။ ကမ္မဘဝရှိနေလို့သာ ဒါဟာ ဇာတိဖြစ်တာ မဟုတ်လား။ တရားထိုင်ကြမယ် ဆိုပါတော့၊ စိတ်နှလုံးအေးတာကို အေးချမ်းလိုက်တာလို့ ခံစားပြီးနေတယ်၊ သိနေတယ်။ ဒီလိုသိနေတဲ့အချိန်မှာ အခြားအပူမှ မလာတာ၊ အဲဒီလောက် အနေအထားကိုလည်း ပြဟ္မာ ဇာတိဖြစ်နိုင်တယ်လို့ ဆိုထားတယ်။ ဘာကြောင့်ရှိသလဲ စဉ်းစားနော်၊ ဒီကျမ်းအရကြည့်ရင် ကမ္မဘဝကို ရောက်မနေဘူးလား၊ ဒီလိုရှိလို့သာ ဇာတိ ဖြစ်ရတာ၊ နားလည်တယ်နော်။

ဒါဖြင့် ဘုန်းဘုန်းတို့ဟာ 'ကံ' ဆိုတဲ့ စကား 'ကမ္မ' ဆိုတဲ့ စကားလုံးကို သိဖို့လိုအပ်တယ်။ 'ကမ္မ' စကားဟာ 'ကံ' ကိုဘဲ ဆိုလိုတာ နော်၊ မြန်မာလိုတော့ 'ကံ' ပေါ့နော်၊ ကံဆိုရင် ဘုရားက စေတနာလို့ဘဲ ပြောတယ်။ "**စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ**" တဲ့၊ ဆိုထားတယ် မဟုတ်လား။ နောက် စေတနာဆိုတာ ဘာကိုဆိုလိုတာလဲလို့ သိဖို့လိုအပ်တယ် မှတ်ပါ။ ကာယကံ **ဝစီကံ** မနောကံ ပြုလုပ်မှုတိုင်းမှာ စေတနာ ပါတယ်၊ စေတနာကို အခြေခံထားတယ်။ ဘုန်းဘုန်း အခု စကားပြောတယ် ပေါ့နော်၊ ဒီလိုစကားပြောတဲ့အခါ အောက်မေးရိုးကို ဟလိုက်, စိလိုက် လုပ်ရတယ်မဟုတ်လား၊ (တင်ပါ့ဘုရား . . . )။ အောက်မေးရိုးကို ဖြုတ်ပြီး သူ့ချည်း ချိန်ကြည့်ရင် တော်တော်လေးမယ်၊ လျှာလည်း လေးတာဘဲနော်၊ ဒီ အာရုံကြောလေးတွေကို လှုပ်ရှားအောင် တွန်းပေးတဲ့အား ဆိုတာ ရှိရ

တယ်၊ သဘောပေါက်ရဲ့လား၊ အဲဒါကို ဘုရားက စေတနာလို့ ခေါ်တာပါ။ **အသက်ရှူလိုက်၊ ထုတ်လိုက်တိုင်းလည်း အားစိုက်ပြီး ဆွဲရှူလိုက်တယ်ဆိုရင်** ကြွက်သားလေးကို လှုပ်အောင်တွန်းတယ်ဆိုရင်ဘဲ တွန်းအားရှိနေတယ်။ အဲဒါ စေတနာ ရှိနေတာဘဲ၊ သဘောပေါက်ရဲ့လား၊ ဈာန်သမားတွေမှာ အဲဒီတွန်းအားလေးတော့ ရှိနေတာဘဲ။

ရှူလိုက်၊ ထုတ်လိုက်တဲ့နေရာမှ ငြိမ်းအေးပြီး ခံစားနေတယ် ဆိုရင်ဘဲ တွန်းအားလေးဟာ သိမ်မွေ့နေတာ ရှိတယ်နော်၊ (တင်ပါ့ဘုရား . . .)။ ကောင်းပြီ၊ ဒါဖြင့် အဲဒီတွန်းအားလည်း ဘယ်ကစလဲလို့ မေးရင် အခြေခံ ဥပါဒါန်၊ အဲ့ဒီဥပါဒါန်ကို ဘုန်းဘုန်းတို့ ဘာသာပြန်တဲ့အခါ ရှေးတုန်းက ဘာသာပြန်တာဟာ **စွဲလန်းခြင်း** လို့ ပြန်ကြတယ်။ နောက် ပိဋကတ် မင်းကွန်းဆရာတော်ဘုရားကြီး ဘာသာပြန်ပေးတာက **ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း** တဲ့၊ နှစ်ခုစလုံးဟာ သဘောတော့တူတယ်။ အလုပ်နဲ့ကျတော့ နောက်စကားက ပိုပြီးအသုံးဝင်တယ်။ ဘာသာပြန်တဲ့နေရာမှာ အင်မတန် အရေးကြီးတယ်နော်။ စောစောက ဒေဝီလရသေ့ကြီးလို ဈာန်သမားတွေ ဥပါဒါန် ရှိ – မရှိ ကြည့်ရအောင်နော်။ သူ့ကိုယ်သူ ငါထင်ထားတယ်၊ ငါမသေဘူး ထင်ထားတယ်၊ မသေတဲ့ငါ ဒီလိုနေမယ်လို့ ဆုံးဖြတ်လိုက်တာနော်။ ဒီလို ဆုံးဖြတ်ချက်ချပြီး ငြိမ်နေတယ်။

သူတို့ကို သူတို့ **အေးချမ်းအောင်** နေတော့တယ်။ ဒီလို ဆုံးဖြတ်ချက်ချတယ်ဆိုရင် ဥပါဒါန် ပါမနေဘူးလား။ (ပါ ပါတယ်ဘုရား . . .) ငါ အေးချမ်းအောင် နေတော့မယ်ဆိုပြီး ဆုံးဖြတ်ချက်ချပြီး နေတော့တာနော် သဘောပေါက်လား။ ဒီတော့ သိမ်မွေ့တဲ့ ဥပါဒါန် ရှိမနေဘူးလား၊ (ရှိပါတယ်ဘုရား . . .) သိမ်မွေ့တဲ့ကံရော၊ (ရှိပါတယ်ဘုရား . . .) ဒါကြောင့်မို့ အင်မတန် နူးညံ့သိမ်မွေ့တဲ့ ပြဿနာကြီးတွေ ဖြစ်နေတာနော်။

**တရားထိုင်ချိန်မှာရှိတတ်တဲ့ ဥပါဒါန် တံ**  ဒါကြောင့်မို့ ဘုန်းဘုန်းက တရားထိုင်တဲ့ ပုဂ္ဂိုလ်တွေကို မေးချင်တာက တစ်နာရီထိုင်မယ်လို့ ဆုံးဖြတ်ချက်ကို ချတယ်မဟုတ်လား၊ (တင်ပါ့ဘုရား . . .)။ ကဲ . . . ထိုင်ကြပြီ၊ ရှုကြပြီဆိုပါတော့။ ကိုယ့်တိုင်ကို ပြန်မေးရအောင်၊ ဟာကွက်လေး ဖြည့်ကြရအောင်နော်။ တစ်နာရီအတွင်းမှာ ငါသေမယ်လို့ ထင်ရဲ့လား၊ (မထင်ပါဘူးဘုရား . . .)။ ဒါဖြင့် မသေသေးဘူးပေါ့။ မသေတဲ့ငါ တစ်နာရီပြည့်အောင် ထိုင်မယ်ဆိုတော့ ဥပါဒါန် ပါမနေဘူးလား၊ (ပါ ပါတယ်ဘုရား . . .)။ ပါတယ်နော်၊ ဒါဆိုရင် ဝိပဿနာဉာဏ် အဆုံးလမ်းကြောင်းကို ရောက်ပါ့မလား၊ (မရောက်ပါဘူးဘုရား . . .)။ သေချာတယ်နော်၊ 'ဟာ' တာကို ဖြည့်ကြနော်။ မိုးကုတ်ဆရာတော်ဘုရားကြီး ပြောခဲ့တဲ့စကားက **ဝိပဿနာဆိုတာ ကိုယ့်အသေ ကိုယ်ရှုတာတဲ့၊** သေသေချာချာမှတ်ပါ၊ မမေ့ပါနဲ့။ တရားထိုင်နေတဲ့ပုဂ္ဂိုလ်ဟာ ဒီတစ်နာရီ အတွင်းမှာ သေမယ်မထင်ဘူးမဟုတ်လား၊ (မထင်ပါဘူးဘုရား . . .)။ ဒီတော့ မသေမယ့်ငါဟာ ဒီတစ်နာရီအတွင်းမှာ မင်္ဂရအောင် လုပ်မယ်ဆိုရင် ဟုတ်ပါ့မလား၊ (မဟုတ်ပါဘူးဘုရား . . .)။ ဆုံးဖြတ်ချက်ချတာ လွဲမနေဘူးလား၊ (လွဲနေပါတယ်ဘုရား . . .)။ ဒီတော့ ဥပါဒါန်ပါတာ သေချာနေပြီနော်။ ငါနဲ့သွားတာကိုး။ **ဉာဏ်နဲ့ ငါနဲ့ရောသွားတယ်ခေါ်တယ်။ ဉာဏ်နေရာမှာ ငါရောက်နေတယ်လို့ မှတ်ရမယ်၊** သေသေချာချာ မှတ်နော်။ နှစ်ပေါင်းများစွာ တရားကျင့်ပြီး၊ တစ်ချို့ ခရီးမရောက်တာသည် အဲဒါပါတယ်။ ကပ်ချော်နေရင် ခရီးမရောက်ဘူး၊ နားလည်ကြရဲ့လား။

ဟိုတုန်းက ဘုန်းဘုန်း ဒီလောက်မပြောဘူးနော်။ နောက်ပိုင်း အသက်လေးရလာတော့ သေဖို့လည်းနီးနေပြီဆိုတော့ မပြောလို့ မရတော့ဘူး။ မပြောလည်း သိမှာမဟုတ်တော့ ပြောရတော့မယ်။ ဟိုတုန်းကပြောရင်

ထိုင်တဲ့ပုဂ္ဂိုလ်တွေအများကြီးမှာ တော်တော်များများဟာ ဆန့်ကျင်မှာစိုးလို့၊ ဘုန်းဘုန်းက ရှောင်ရှောင်ပြီး ဟောပေးရတယ်။ ခုတော့ မရတော့ဘူး။ အချိန်က သိပ်မရှိတော့ဘူး၊ လိုတာလေးတွေ ဖြည့်ရလိမ့်မယ်နော်။ ပြန်ပြောမယ်၊ ကိုယ်လိုတာ ကိုယ်ဖြည့်ကြမယ်၊ ကျမ်းနဲ့ညှိရမယ်နော်။ တရားထိုင်တဲ့အခါ မိုးကုတ်ဆရာတော်ဘုရားကြီးကိုယ်တိုင် ပြောခဲ့တာ ဘုရားဟောနဲ့အညီ ရဟန္တာဆရာတော်ဘုရားကြီး ဟောခဲ့တာက ဝိပဿနာ ဆိုတာသည် ကိုယ့်အသေ ကိုယ်ရှုတာနော်။ အခု ကိုယ့်ဒကာတွေရှုတာက မသေတဲ့ ငါ၊ တစ်နာရီပြည့်အောင်ရှုမယ်။ နောက် မဂ်ရအောင် အားထုတ်မယ်လို့ ဆုံးဖြတ်ချက် မချဘူးလား။ ဒီတော့ တည့်ပါ့မလား၊ (မတည့်ပါဘူးဘုရား . . .)။ ဥပါဒါန် နေရာယူတာ သေချာသွားပြီ၊ အစထဲက **ကပ်ချော်နေတယ်ဆိုရင် ပြင်ရသိပ်ခက်တယ်**၊ အားရှိတဲ့ ဝိပဿနာ မရောက်ဘူးနော်၊ သဘောပေါက်ရဲ့လား။ ကောင်းပြီ၊ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းသည် *ဒီဘက်ကို ကြည့်လိုက်ပါ၊ ဘယ်က အခြေခံတာလဲ၊ (တဏှာပါဘုရား . . .)။ တဏှာရှိရင် ဥပါဒါန်ရှိတယ်လို့ပြတယ်။

**နို ဝါဒ အကြောင်း**



ဒီတော့မှတ်ပါ၊ ဘုန်းဘုန်းတို့ မကြာမသေးခင်က ခန္ဓာဝန်ချသွားတဲ့ စာပေ ပရိယတ်ရော အလွန် ကြည် ညို စ ရာ ကောင်း တဲ့ အသက် (၁၀၄) နှစ်ရှိတဲ့ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကို ကြားဖူးပါလိမ့်မယ်။ ရွှေကျင်သာသနာပိုင်ကြီးနော်။ အားလုံးက ရဟန္တာလို့ဘဲ သမုတ်ကြတယ်၊ ဓါတ်တော်ကျသွားတာကိုး။ မိုးကုတ်ဆရာတော်ဘုရားကြီး လိုဘဲ၊ ပျားတွေ၊ ငှက်တွေလာတယ်။ အင်မတန် အံ့ဩစရာကောင်းတယ်၊

* ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ နံပါတ် (၃) အကွက်ကိုပြသည်။

ဆရာတော်ဘုရားကြီးက မသေခင်ထဲက သူများအကြံတွေသိတယ်၊ ထူးခြားတဲ့ ဆရာတော်ဘုရားကြီးဆိုတော့ သိနေတာပေါ့။ ဆရာတော်ဘုရားကြီး ဆုံးမတဲ့စကား အင်မတန် မှတ်စရာကောင်းတယ်၊ နိဗ္ဗာန်ကောက်ယူပုံကို ရေးပြမယ်နော်။

နိဗ္ဗာန်နဲ့ပတ်သက်လို့ တော်တော်များများဟာ ဆုံးဖြတ်ချက် မချရဲဘူးနော်၊ **နိဗ္ဗာန်**ဆိုတာသည် **ဒါပါဘဲ**လို့ ဆုံးဖြတ်ချက် ရဲရဲ မချရဲကြဘူး။ ဘုန်းဘုန်းတို့ ငယ်ငယ်**ကလေး ဗီလို**ဘဲ၊ ဆရာသမားတွေကိုမေးတော့ တစ်ချို့ တစ်**ချို့ ဆရာတွေဟာ** နိဗ္ဗာန် ဒါဘဲဆိုတာ မဖြေရဲဘူး။ နိဗ္ဗာန်ဟာ ခက်တယ်၊ ဆုံးဖြတ်**ချက် မချ**ပေးရဲဘူး။ ဒီဆရာတော်ကြီးက နိဗ္ဗာန်ကို ဆုံးဖြတ်ချက် ချပေးသွားတယ်၊ ကျမ်းနဲ့ စာပေနဲ့ ချပေးသွားတယ်နော်။ ဒါကို ဘုန်းဘုန်းတို့ လိုက်ရင်ဖြင့် ကောင်းကောင်းတွေ့ရလိမ့်မယ်၊ သဘောပေါက်ရဲ့လား။ နိဗ္ဗာန်ဆိုတာကို ဗုဒ္ဓဘာသာမှန်ရင် လိုချင်ကြတယ်နော်။ ဒီတော့ နိဗ္ဗာန်**အ**ကြောင်းကို မသိဘဲနဲ့ လိုချင်တယ်ဆိုလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား . . . )။ သိအောင် ကြိုးစားရမယ်နော်။ ဆရာတော်ဘုရားကြီး အမိန့်ရှိတာ နိဗ္ဗာန်ဆိုတဲ့ စကားသည်

**နိ** (+) **ဝါန**

**နိ** + **ဗ** + **ါ** + **န**

**နိ** + **ဗ္ဗ** + **ါ** + **န**

**နိဗ္ဗာန** = **နိဗ္ဗာန်**

**နိဗ္ဗာန်**  နိ အပေါင်း (+) ဝါန၊ နိ ဝါန က လာတာလို့ ပြပါတယ်။ ဒါဟာ စာပေနဲ့အညီပေါ့နော်။ **နိ**ဆိုတာ မြန်မာလို **မရှိခြင်း** တဲ့၊ **ဝါန** က **တဏှာ** လို့ ခေါ်ပါတယ်။ ပေါင်းလိုက်တော့ **တဏှာမရှိခြင်း**၊ နောက် စာပေအရ ဝ ကို ဗ ပြုတာပါတဲ့။

သဒ္ဒါနည်း အရ **ဗောဝဿ** သုတ်ဆိုတာ ရှိတယ်။ ပြီးတော့ ဒွေးဘော် ပြု + ဗ ထပ်တယ်။ ရေးချ (၂) က အ ရေးချ အာကို သုံးတာနော်။ နောက်တစ်ခါ ဗ ထည့်တယ်။ ဒီဘက်က နိ လို့ရေးတယ်နော်။ နောက်တစ်ခါ ပြန်ပြီးကပ်ကြတယ်။ ပြန်ကပ်တဲ့အခါ နိ–ဗ–က အသတ် ဖြစ်သွားတယ်။ နိဗ် ခေါ်တယ်။


ဗကို ရေးချပေါင်းတော့ ဗာ၊ နိဗ်ဗာ နငယ်ရေ န – နိဗ္ဗာန၊ နိဝါန ကနေ နိဗ္ဗန ဖြစ်တာတဲ့။ ပြီးတော့ မြန်မာတွေဟာ တံခွန်ထည့်သုံးကြပါတယ်တဲ့။ တံခွန်ဆိုတာ အသတ်ကို ပြောတာ။ နငယ်မှာ အသတ်ထည့်လိုက်တော့ ဗာန် ဖြစ်သွားရော။ **နိဗ္ဗာန်လို့** သုံးကြတယ်။


တဏှာ မရှိခြင်း၊ သဘောတရားကိုသာ ခေါ်တာပါတဲ့၊ တဏှာမရှိတဲ့ သဘောတရားကို ရောက်ပြီဆိုရင် ဘုန်းဘုန်းတို့ နိဗ္ဗာန်ပေါ်ပြီ။ တစ်ခုတော့ အထူးသတိပြုစရာရှိတယ်။ **“နိဗ္ဗာန်ဆိုတာ မြင်စရာမဟုတ်ဘူး၊ ခံစားစရာ မဟုတ်ဘူး”**။ ပရိယာယ်အားဖြင့်သာ မျက်မှောက်ပြုတယ်၊ မြင်တယ် ပြောတာပါတဲ့။ မြင်ရမှာ နိဗ္ဗာန်ကို မြင်ရမှာမဟုတ်ဘူး၊ ခံစားစရာ မဟုတ်ဘူး။ **နိဗ္ဗာန်ကို ခံစားစရာ မြင်စရာအဖြစ်နဲ့ ရှာကြတယ်၊ တစ်သက်လုံး တွေ့မှာမဟုတ်ဘူး**။ သဘောပေါက်ရဲ့လား၊ ပရိယာယ်နဲ့ ဟောထားတာကို နားလည်ရတယ်။ စာပေမှာ ပရိယာယ်က နည်း (၄၀) တောင် ရှိတာကိုး။ တိုက်ရိုက်မြင်ရမှာက ‘အရှိကို အရှိအတိုင်းမြင်ရမှာ’၊ တကယ့်အရှိ အမှန်ကို အမှန်အတိုင်းမြင်ဖို့ဘဲရှိတယ်။ ဒီတော့ တဏှာဆိုတာသည် ဘယ်လိုဟာလဲ အရင်ကြည့်ရအောင်။

**တဏှာအကြောင်း**

တဏှာရဲ့သဘောတရားကို ဆရာတော်ဘုရားကြီးတို့ ဘာသာပြန်ပေးကြတယ်။ ဆရာတော်ဘုရားကြီးတွေ စုပေါင်းပြီးတော့ မြန်မာလို ဘာသာပြန်ကြတယ်။ ဘာသာပြန်စာပေတွေ ရှိတယ်နော်။

ပိဋကတ်ဘာသာပြန် စာပေတွေရှိပါတယ်။ အဲဒီမှာ တဏှာကို အနက်အဓိပ္ပာယ် ပြန်ပေးထားတာ အများကြီး တွေ့ရတယ်။ အဲဒီအထဲက အများဆုံးသုံးတဲ့ စကားလုံး (၂) ခုကို သွားတွေ့ တယ်။ **အာရုံ၌ကပ်ညိခြင်း** တဲ့။ ဒါလည်း တဏှာတဲ့၊ လောဘလို့လည်း သုံးတယ်နော်။ နောက် **အာရုံကို ချုပ်စပ်ခြင်း**တဲ့၊ အဲဒါကိုလည်း တဏှာတဲ့၊ နှစ်ခုနော်။ **အာရုံ၌ကပ်ညိခြင်းနဲ့ အာရုံကိုချုပ်စပ်ခြင်း**နော်။ နောက်**အာရုံ** ဆိုတာ ဘယ်လိုဟာလဲလို့ တစ်ခါ ကြည့်ရအောင်၊ ဒါအရေးကြီးတယ်နော်။ အာရုံဟာ ဘုန်းဘုန်းတို့သဏ္ဌာန်မှာ ဘယ်လိုပေါ်သလဲ၊ ဘယ်လိုသိလဲဆိုတာကို သိဖို့လိုအပ်တယ်နော်။ အာရုံ-ဒွါရ ခြောက်ပါးရှိတယ်နော်။ မျက်စိအတွက် အဆင်းအာရုံ၊ နားအတွက် အသံ၊ နှာခေါင်းအတွက် အနံ့၊ လျှာအတွက် အရသာ၊ ကိုယ်အတွက် အတွေ့အထိ၊ အေးတာ ပူတာ ကြမ်းတာ နူတာတွေနော်။ စိတ်အတွက်တော့ ဓမ္မာရုံလို့ ခေါ်တယ်။ (၆) ခု ရှိတယ်နော်။ ဒီ (၆) ခုကို ပုံလေးဆွဲပြမှ နားလည်လွယ်မယ်နော်။




'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်' နှင့် **စိတ်** မှီတာက နှလုံးအိမ်မှာ မှီတာ၊ ဆက်သွယ်ထားတာ ဖြစ်သောကြောင့် အဆင်းတိုက်ရင် စိတ်-စေတသိက်တွေက လာပေါင်းတာနော်။ ပြီးရင် ကာလမခြား ပြန်ပြီး

ပုံရိပ်ပေါ်တယ်။ အသံလည်း ဒီအတိုင်းဘဲ၊ စိတ်–စေတသိက်တွေ ပေါင်းခွင့် ရပြီးရင် ထပ် ပုံပေါ်တယ်။ အနံ့လည်း ဒီအတိုင်းဘဲမှတ်၊ အရသာလည်း ဒီအတိုင်းဘဲမှတ်ပါ။ ကိုယ်မှာလည်း ဒီအတိုင်းဘဲနော်၊ အာရုံတွေဟာဖြင့် **ရှေ့က ငါးဒွါရ တိုက်တဲ့အချိန်၊ စိတ်နဲ့စေတသိက် သွားပေါင်းတာနဲ့ တစ်ပြိုင်နက် သိလိုက်တယ်။ ဒီလို သိပြီးရင် မနောတံခါးမှာ သွားပွင့်တယ်၊ ကြံသိစိတ်လို့ ခေါ်တယ်၊ ကာလခြား ဖြစ်ပါတယ်တဲ့။**

**ဓမ္မာရုံအကြောင်း** မနောတံခါးမှာ ဓမ္မာရုံဆိုတာကို သိဖို့အရေးကြီးသေးတယ်၊ သူက အဓိကနော်။ ဓမ္မာရုံဆိုတာသည် ပါဠိစကားက ဓမ္မ + အာရုံ ''သဘောမျှဖြစ်တဲ့အာရုံ'' ကိုင်လို့မရဘူး။ နူးညံ့တဲ့အာရုံ၊ နားလည်အောင်ပြောရရင် ဓမ္မာရုံထဲမှာ စာပေအရက ရုပ် နာမ် ပညတ် နိဗ္ဗာန်အထိ ပါတယ်။ စိတ်ရဲ့ကျက်စားရာ အာရုံ နိဗ္ဗာန်ပါ ထည့်ထားသေးတယ်။ (ဒါကြောင့် သိရမှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုကြတဲ့အခါ ဘုန်းဘုန်းတို့ အိပ်ပျော်တာမဟုတ်ဘူးဆိုတာတော့ သေချာတယ်။ အိပ်ပျော်သကဲ့သို့လည်း မဟုတ်ဘူး၊ ဘာမှ မသိတာလည်း မဟုတ်ဘူး၊ သိနေရမယ်နော်။ စိတ်ရဲ့ကျက်စားရာ အာရုံဖြစ်နေတာကိုး) ဓမ္မာရုံကို အရပ်စကားနဲ့ ဘုန်းဘုန်းတို့ နားလည်လွယ်အောင် ပြောမယ်ဆိုရင် **(နိဗ္ဗာန်ကို ခဏဖယ်ထားအုံး) မျက်စိနဲ့ မကြည့်ဘဲ ပေါ်နေတဲ့ ပုံသဏ္ဍာန် မှန်သမျှ** ဓမ္မာရုံထဲကို ထည့်လိုက်ပါ။

**ဥပမာ** ခု ထိုင်နေရင်းနဲ့လည်း ဘုန်းဘုန်းတို့ တွေးလို့ရတယ်။ ဘုန်းဘုန်းတို့ ဒီကို ဘာနဲ့လာသလဲ၊ ဘယ်ကားစီးပြီး ဘယ်လိုလာသလဲလို့ မေးလိုက်တယ် ဆိုပါတော့။ ဒီတော့ မေးလိုက်ရင် ပုံမပေါ်လာဘူးလား၊ (ပေါ်လာပါတယ်ဘုရား . . . )။ ဒီမနက် ဘာဟင်းနဲ့စားခဲ့လဲ

ဆိုရင်ရော၊ (ပေါ်လာပါတယ်ဘုရား . . .)။ မျက်စိနဲ့ မြင်တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား . . .)။ စိတ်က ညွှတ်လိုက်တာ၊ နားလည်ပြီလား။ စိတ်ရဲ့ ကျက်စားရာ အာရုံ ဓမ္မာရုံဆိုတာ အဲဒါဘဲ၊ သဘောပေါက်ပြီနော်။

ဘုရားဟောနဲ့ ပြန်ကြည့်ရင်တော့ ဓမ္မပဒမှာပါတာ **ဒူရင်္ဂမံဧကစရံ** စတဲ့ ပါဠိရှိတယ်။ အဓိပ္ပာယ်က အင်မတန်ဝေးတဲ့အရပ်က အာရုံကိုလည်းဘဲ ဆွဲယူကျက်စားနိုင်တယ်တဲ့။ အာရုံဆိုတာ ဒီမှာကျတော့ အရိပ်လေးနော်၊ ပုံရိပ်လေးမဟုတ်လား။ ပြီးရင် စိတ်ဟာ အကောင်အထည်မရှိဘူးတဲ့၊ စိတ်က တစ်ခါပေါ်ရင် တစ်စိတ်ဘဲ ပေါ်တယ်တဲ့၊ မှီတာသည် နှလုံးအိမ်ထဲမှာ မှီထားတာတဲ့။ အဲဒီစိတ်ကို ဆုံးမနိုင်ရင် သေခြင်းတရားက လွတ်တယ်၊ ဇာတိ မလာဘူးတဲ့။

ဒီတော့ အဓိက အာရုံတွေ ဘယ်မှာသွားစုလည်းဆိုရင် မနောမှာ သွားစုတယ်ပေါ့။ မနောတံခါးမှာ သွားစုတာ မြင်ဘူးတာ၊ ကြားဘူးတာ၊ စားဘူးတာ၊ နံ့ဘူးတာ၊ ထိဘူးတာ အစုံပေါ့နော်။ ကျမ်းအရ ကြည့်ပြန်ရင်လည်း ရှေးက ငါးဒွါရ တိုက်ပြီးလို့ရှိရင် အသိပေါ်ပြီး ကာလမခြား မနောမှာ ပေါ်ပါတယ်တဲ့။ ကာလမခြားဆိုတာ တိုက်ရိုက်ပေါ်တာကို ပြောတာ။ ဘုန်းဘုန်းတို့ ရှေ့ကငါးခုကို စာရင်းထဲ မထည့်တော့ဘူး၊ မနောမှာ ပေါ်တာကိုဘဲ ယူရလိမ့်မယ်။

**အနန္တရပစ္စည်း ကာလမခြား**

ကာလမခြားဆိုတဲ့ စကားကိုလည်း နားလည်အောင် ယူပါအုံးနော်။ ဥပမာနဲ့ ဆို ပို သဘောပေါက်ပါလိမ့်မယ်။ ဟုတ် မဟုတ် စဉ်းစား။ ဘုရားဟောအတိုင်း ပဋ္ဌာန်းကျမ်းအရ ကာလမခြားဆိုတာ အနန္တရပစ္စည်း ပြောတာနော်။ သတ္တဝါတွေကို အရင်ပြောမယ်။

**ဥပမာ** ❀ 'ခို' ဆိုပါတော့၊ ကြားလိုက်တယ်နော်။ အသံကို ရှုမယ်သာကြံတယ်၊ ခိုပုံက ပေါ်မနေဘူးလား၊ (ပေါ်ပါတယ်ဘုရား . . .)။ ကာလမခြား သွားပေါ်တာ မဟုတ်လား၊ (မှန်ပါတယ်ဘုရား . . .)။ အမေလို့ ပြောလိုက်မယ်၊ အမေဆိုတဲ့စကား မဆုံးသေးဘူး၊ ပုံပေါ်မနေဘူးလား၊ (ပေါ်နေပါတယ်ဘုရား . . .)။ ကာလ မခြားဆိုတော့ အဲဒါကို ပြောတာနော်၊ နားလည်တယ်နော်။

ဒီလိုဘဲ အသက်ရှူလိုက်တယ်ဆိုရင်ဘဲ ကိုယ်မှာထိတာသိတယ်၊ ရှူလိုက်တယ် ဆိုရင်ဘဲ မျက်နှာ ကိုယ်အမူအရာ ကပ်ပါမနေဘူးလား၊ (ပေါ်ပါတယ်ဘုရား . . .)။ တန်းပေါ်တာနော်။ အဲဒီပေါ်တဲ့ အာရုံသည် စိတ်ကျက်စားရာ အာရုံဘဲ၊ နားလည်ပြီလား၊ (လည်ပါပြီဘုရား . . .)။ အဲဒီအာရုံကို ကပ်ညိနေတယ်ဆိုရင် တဏှာ၊ အဲဒီအာရုံကို ဆက်ရင်လည်း တဏှာ၊ သဘောပေါက်ပြီနော်။

**ငါးဒွါရမှာ အာရုံသိပြီး ကာလမခြား မနောတံခါးမှာ အာရုံသိ ဖြစ်ပုံကို မြတ်စွာဘုရားပေးတဲ့ ဥပမာက နေပူချိန်မှာ အရွက်ကျနေတဲ့ သစ်ပင်တစ်ပင်က သစ်ကိုင်းပေါ် ငှက်တစ်ကောင် နားလိုက်တယ်ဆိုပါစို့။ သစ်ကိုင်း လှုပ်သွားချိန် မြေပြင်မှာ အရိပ်က ထင်နေပြီတဲ့၊** အဲဒီဥပမာအတိုင်းမှတ်ပါ။

**တဏှာလာပုံ** ❀ ပေါ်တဲ့အာရုံကို ဆက်ရန်အတွက် ဒီက တဏှာ လာဖို့အရေး၊ ထိုထိုပုံသဏ္ဌာန်အရိပ်တွေကို ပထမ အတုံးအခဲ အထည်လို့ ထင်မှတ်ရသေးတယ်တဲ့။ အထင်မှားရသေးတယ်။ ဒီလို အထင်မှားတော့မှ ငါ – ငါ့အိမ် ဒီလိုထင်တာ။ သဘောပေါက်ရဲ့လား။ ပေါ်တဲ့အာရုံအရိပ်ကို အကောင်ထင်ရသေးတာ၊ ဒီလို


အကောင်ထင်တော့မှ ဒါဟာ ငါ့အိမ်၊ ငါ့သား သမီးလို့ သတ်မှတ်တာ၊ သဘောပေါက်တယ်နော်။ အဲဒီ (၂) ခုကို ဘုရားရှင်က ဘယ်လိုအမိန့်ရှိလည်းဆိုရင် အစိုင်အခဲ၊ အတုံးအခဲလို့ ထင်မှတ်တယ်ဆိုရင် **သက္ကာယဒိဋ္ဌိ** လို့ခေါ်တယ်။ အာရုံသိ သဘောလေးကို အကောင်အထည်လို့ ထင်တာနဲ့ သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်၊ သေသေချာချာမှတ်ပါနော်။ အာရုံသိဆိုတာ ဘာကြောင့်လည်းဆိုတာ နောက်တော့ရှင်းပြပါမယ်။

တစ်ခါပေါ်တာကို အကောင်အထည်လို့ထင်တာနဲ့တစ်ပြိုင်နက် နယ်နိမိတ်ဆိုတာ ပေါ်လာတော့ **ငါ ငါ့အိမ်လို့ ထင်မှတ်တာ မာန**၊ နယ်နိမိတ်ခြားလိုက်တယ်ဆိုရင် မာန ပေါ်တာဘဲ။ ဒီတော့မှ **တဏှာက** ဒီအာရုံကို ကပ်ထားပြီး ဆက်မယ်တဲ့။ ငါ့အိမ်အတွက် ငါပိုင်တဲ့အိမ်အတွက် ဘာလုပ်အုံးမယ်လို့ ဆက်တာ။ ဒီလို ဆက်ပြီးတော့မှ **ဆုံးဖြတ်ချက်ကို ချလိုက်တယ်။ ဥပါဒါန်ကို** ကူးတော့ တာနော်။ ဒါဟာ ငါ့အိမ်ကြီးဘဲ၊ ငါ့အိမ်အတွက် ဥပါဒါန်ကို ကူးလိုက်ပြီ၊ လက်ဆင့်ကမ်းပြီးတော့ ဘာလုပ်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရင် နှလုံးအိမ်က အရှိန်ထွက်လာပြီ၊ နားလည်ပြီနော်။ အင်မတန် သိမ်မွေ့တယ်နော်။

ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက အင်မတန် မြင်နိုင်ခဲ့တဲ့ တရားကိုမြင်ခဲ့တယ်။ တဏှာဆိုတာသည် အကောင် အထည်ရှာလို့ မရဘူးနော်။ အမြင်မှား အထင်မှားနယ်ပယ်က၊ ဒီတော့ ပေါ်တဲ့အာရုံကို အကောင်အထည် ထင်လိုက်ကာမှ သူ-ငါလို့ ထင်လိုက် ကာမှ တဏှာကဝင်တာ၊ အာရုံကိုဆက်လို့ရတာ၊ ပေါ်တဲ့အာရုံကို အမှန်အတိုင်းသိလို့ရှိရင် တဏှာဟာ လာလို့မရဘူး၊ နားလည်တယ်နော်။

**တဏှာ၊ မာန၊ ဒိဋ္ဌိ တပေါင်းတည်း**

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးနော်။ ဆရာတော်ကြီးက တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်ကလည်း တပေါင်းတည်းဘဲတဲ့။ ကိုယ့်တိုင်ကိုယ်ဆိုရင် ဒီအမြင်မရဘူးနော်။ ကြိုက်တဲ့စာပေဖတ်၊ တပေါင်းတည်းဆိုတဲ့စကားကို သုံးနိုင်ဖို့ဆိုရင် နောက်ထပ် နှစ်ပေါင်းများစွာ လေ့လာလိုက်အုံး၊ မလွယ်ဘူး။ ဆရာတော်ကြီးက ဆရာကောင်းတွေဆီက နှစ်ပေါင်းများစွာ ကျင့်ရင်းနဲ့ ပြောတဲ့စကားမို့လို့ ဘုန်းဘုန်းတို့လည်း ပြောနိုင်တာ၊ နားလည်ပြီလား၊ (နားလည်ပါပြီဘုရား ..)။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်က တပေါင်းတည်းနော်။ အဲဒီ ( ၃ ) ခုဟာ ခွဲလို့မရဘူးတဲ့။

နှုတ်တစ်ရာ စာတစ်လုံး၊ စာတစ်ရာပုံတစ်ချပ်၊ ရှေးစကားအတိုင်း ပုံစံထုတ်ရင် 

ဒီပုံစံနဲ့ဆိုရင် သဘောပေါက်လွယ်မယ်။

သူတို့ဝင်လာပြီဆိုရင် သံသရာချဲ့ပြီ၊ သူက အာရုံပေါ်မှာ၊ အမြင်များတာ၊ အမြင်များတာက အထည်ထင်လိုက်တယ်။ သူ–ငါ ထင်လိုက်တယ်။ သိတဲ့ အာရုံတစ်ခုပေါ်မှာ လက်ခံဆုံးဖြတ်လိုက်တယ်ဆိုရင် ဒီသုံးခု တခါထဲပါသွားတာဘဲ။ ထပ်ပြောမယ်၊ အာရုံ လက်ခံဆုံးဖြတ်တဲ့အခါ အရေးကြီးတယ်။ ဒီလို လက်ခံဆုံးဖြတ်တယ်ဆိုရင် အထည်ထင်တယ်၊ သူ–ငါထင်တယ်ဆိုရင် တဏှာပါတော့မယ်၊ မနိုင်တော့ဘူး။ ဒါဖြင့် အာရုံအပေါ်မှာ **အမှန်အတိုင်း ဆုံးဖြတ်နိုင်ရင် သူတို့ မလာဘူး**လို့မှတ်၊ နားလည်ပြီနော်။

**အာရုံအပေါ်၌ အမှန်အတိုင်းဆုံးဖြတ်နိုင်သော ပညာအလင်း**

အာရုံအပေါ်မှာ အမှန်အတိုင်း ဆုံးဖြတ်နိုင်တဲ့ ပညာက ဘုရားပွင့်မှ ပေါ်မှာနော်။

ဒီတော့ အဲဒီအာရုံကို အမှန်အတိုင်းသိအောင် အာရုံအကြောင်းကို ဘုန်းဘုန်းတို့ လေ့လာလိုက်တဲ့အခါ နံပါတ် (၂) အကွက်ကို ဘုန်းဘုန်းတို့ လေ့လာရမယ်။ အာရုံသည် နံပါတ် (၂) အကွက်မှာဘဲ ဘုန်းဘုန်းတို့ အဖြေပေါ်တယ်။

ဘုန်းဘုန်းမေးမယ်၊ အိပ်ပျော်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တိုက်မယ်။ ခြင်ကိုက်တယ်ဆိုရင် မနောအထိ ပေါ်ပါ့မလား၊ (မပေါ်ပါဘူးဘုရား . . . )။ သိပါ့မလား၊ (မသိပါဘူးဘုရား . . . )။ သူ့အတွက် အာရုံဆိုတာ ရှိပါ့မလား၊ (မရှိပါဘူးဘုရား . . . )။

ဒါဖြင့် နိုးတဲ့အခါကျတော့ မရှိဘူးလား၊ (ရှိပါတယ်ဘုရား . . . )။ ဘယ်လိုလုပ် သိသွားသလဲ၊ နိုးတဲ့အခါမှာ ဒီအာရုံ ဘာလို့ သိလိုက်ရတာတုန်း။ ရိုးရိုးလေးဘဲ မေးခွန်းတစ်ခုမေးပါမယ်၊ ဖြေကြည့်ပါ။ ဆင် ဆိုပါတော့၊ နားထဲ မကြားလိုက်ဘူးလား၊ (ကြားပါတယ်ဘုရား . . . )။ မနောမှာရော မပေါ်လိုက်ဘူးလား။ ဒါဟာ ဘယ်လိုလုပ် ပေါ်တာတုန်း။ ဘာလို့ ကြားရတာတုန်း၊ ကြားတာနဲ့ တပြိုင်နက်၊ မနောမှာ ဘာလို့ ပေါ်တာတုန်း။ အဖြေရှာပါ။ သူ့ကို အဖြေမှန် ထုတ်နိုင်ရန် ဟိုဘက်က (၃) အကွက်ကို မကူးနိုင်ဘူး။ တဏှာ မကူးနိုင်ဘူး။ ဘယ်လိုအကြောင်းကြောင့် သိတာတုန်း၊ ဘာလို့ သိတာလဲ၊ စဉ်းစားနော်။

ခုနေ ကိုယ်နေတဲ့အိမ်ကို တွေးလိုက်ပါအုံး။ ဘုန်းဘုန်းပြောတဲ့ ကိုယ်နေတဲ့ အိမ်၊ ကြားလိုက်တယ်နော်၊ အိမ်ပုံ မပေါ်ဘူးလား၊

(ပေါ်ပါတယ်ဘုရား ...)။ ဘယ်လိုလုပ် ပေါ်ရတာလဲ။ ကလေးတွေလို ဖြေရင် ကြားလို့ ပေါ်တာပါဘုရားလို့ ဖြေမယ်နော်။ အကြောင်းတော့ ရှိပါတယ်။ ဒီအာရုံအကြောင်းကို ကောင်းကောင်းသိရမယ်။ ဘာလို့ပေါ်တာ လည်းဆိုတာက ဘုရားဉာဏ်တော်နဲ့ အခက်အခဲဆုံး ကျက်စားခဲ့တဲ့နေရာတဲ့။ နံပါတ် (၂)အကွက်နော်၊ သစ္စာဟာ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား ...)။ ဒါဖြင့် အာရုံသိ ဆိုတာသည် ဒီအချက်ဘဲ။ ဒီ (၅) ခု ပေါင်းစပ်တာတဲ့။ ဒါဟာ ဘုရားရဲ့ အလုပ်၊ ဘုန်းဘုန်းတို့ အလုပ်မဟုတ်ဘူး။ ကိုယ်တိုင် ကိုယ် တရားရှုမှတ်လို့လည်း ပေါက်မယ်မထင်နဲ့၊ သိမှာလည်း မဟုတ်ဘူး၊ နားလည် ပြီလား။

**မြတ်စွာဘုရားရှင်ပြခဲ့သော ခဲယဥ်းသောအရာ**

ဒီတော့ မိလိန္ဒာမင်းကြီးနဲ့ ရှင်နာဂသိန်. အမေးအဖြေ ဟိုတုန်းကရှိတယ်နော်။ မိလိန္ဒာပညာ ကျမ်းစာအုပ်ထဲပါတယ်။

အဲဒီအထဲမှာ မိလိန္ဒာမင်းကြီးက ရှင်နာဂသိန်ကို မေးတယ်။

**မေး** ✎ အရှင်ဘုရား၊ မြတ်စွာဘုရားရှင်ပြခဲ့သော အင်မတန် ပြုနိုင်ခဲ သော ခဲယဉ်းသောအရာ ရှိပါသလားတဲ့၊ မေးတယ်။

**ဖြေ** ✎ ရှိပါတယ်၊ မင်းကြီးတဲ့။

**မေး** ✎ ဘယ်လို အရာပါလဲ ဘုရား။

**ဖြေ** ✎ အာရုံ သိတဲ့နေရာမှာ အခဲယဉ်းဆုံးဘဲတဲ့၊ အဲဒါကို ဖော်ထုတ် တာတဲ့။

အာရုံသိဆိုတဲ့နေရာမှာ စိတ်–စေတသိက်တွေပါတာကို ခွဲထုတ် တာဟာ ဘုရား အခဲယဉ်းဆုံး လုပ်ခဲ့တာတဲ့။

**ဥပမာ** လှေလေးနဲ့ ပင်လယ်ထဲကို သွားတယ်။ တစ်ယောက် ယောက်သော ပုဂ္ဂိုလ်ကို လွှတ်လိုက်တယ်ပေါ့နော်။ ပင်လယ်ရေဆိုတာ အငန်ဓါတ် အရသာ တစ်မျိုးတည်း မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား...)။ အဲဒီအငန် အရသာ တစ်မျိုးတည်းကို လျှာနဲ့တို့ကြည့်ပြီး မြစ်ရဲ့အရသာကို ပြန်ခွဲထုတ်ပေးပါတဲ့။ ဒါဟာ ဂင်္ဂါမြစ်ရဲ့ အရသာ၊ ရောဝတီ၊ ချင်းတွင်း၊ စစ်တောင်း စသည်ဖြင့်... ခွဲလို့ လွယ်ပါ့မလား၊ (မလွယ်ပါဘူးဘုရား...)။ အဲဒါမှလွယ်ရင် လွယ်လိမ့်အုံးမယ်။ အာရုံသိသဘောတချက်မှာ ဘာတွေပါဝင် ပေါင်းစပ်တယ် ဆိုတာ ခွဲရအခက်ဆုံးလို့မှတ်ပါ။

ဥပမာဆိုရင် ဘုန်းဘုန်းက ''ဆင်'' လို့ပြောလိုက်တာကို နားမှာကြားလိုက်တယ်နော်၊ (တင်ပါ့ဘုရား...)။ မနော်မှာ ပုံမပေါ် လိုက်ဘူးလား၊ (ပေါ်ပါတယ်ဘုရား...)။ အဲဒီအချိန်မှာ ဒါဟာဖြင့် စိတ်၊ ဒါဟာ စေတသိက်၊ ဝေဒနာ၊ သညာ ခွဲပါလား၊ ရပါမလား၊ (မရပါဘူးဘုရား...)။ ပင်လယ်ရေကမှ ခွဲရလွယ်အုံးမယ်၊ အာရုံသိကို သဘောပေါက်ရင် တဏှာ မလာတော့ဘူး။ ဒါဟာ အရေးကြီးဆုံးဘဲ၊ နားလည်ပြီလား။ ဒီတော့ တဏှာမရှိရင် ဘာပေါ်တာတုန်း၊ နိဗ္ဗာန်ပေါ်တာလို့ မှတ်ပါ။

**သိပြီးမှ ကျင့်** နိဗ္ဗာန်ပေါ်ရေးသည် ... မှတ်ပါ။ ဆရာထံ နည်းမခံဘဲ ကိုယ့်တိုင်ကိုယ် အားထုတ်ရင်တော့ ပေါ်မှာမဟုတ်ဘူး။ ပထမ သိအောင် နာရမယ်၊ **ဉာတပရိညာဏ်** အားဖြင့် ဒါဟာ နိဗ္ဗာန်ဘဲလို့ သိအောင် နာရမယ်။

သိပြီးတော့မှ ကျင့်ရမှာ။ ပြန်ပြောမယ်၊ ဒါဟာ **နိဗ္ဗာန်ဘဲလို့ ဆုံးဖြတ်ချက်ကျအောင် တရားနာရမယ်၊ ဘုရားဟောတရားတော် တွေကို နာရမယ်၊ ဟုတ်ပြီ သဘောပေါက်ပြီလို့ သိသွားရင် ဆက်ကျင့် ရုံဘဲရှိတော့တယ်။ မသိသေးဘဲနဲ့ကျင့်ရင် တစ်သက်လုံး သိလာမှာ မဟုတ်ဘူး။** ဘာကြောင့် ဘုန်းဘုန်း ပြောလည်းမေး၊ ဒုက္ခသစ္စာကို ပိုင်းခြားသိမှသာလျှင် တဏှာအစပ်ပြတ်မှာ သဘောပေါက်ရဲ့လား။ ဆရာမကူဘဲနဲ့ တရားကိုသိလာတာဟာ ဘုရားနဲ့ ပစ္စေကဗုဒ္ဓ နှစ်ပါးဘဲရှိ ပါတယ်၊ နားလည်ပြီနော်။

ကိုယ့်တိုင်ကိုယ် နိဗ္ဗာန်မသိဘဲနဲ့ တရားထိုင်တဲ့ပုဂ္ဂိုလ်များဟာ ဘယ်တော့မှ သိလာမှာမဟုတ်ဘူး။ အားထုတ်ရင်း နိဗ္ဗာန်နီးပြီလို့သာ ပြော၊ ဘယ်လိုဘဲပြောပြော နိဗ္ဗာန်အကြောင်းမသိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လောက်ပဲ အချိန်ကုန်ခံပြီး အားထုတ်နေပစေ၊ သေသာသွားရော သိလာမှာ မဟုတ် ဘူး။ ဆရာမရှိဘဲနဲ့ နိဗ္ဗာန်ကိုသိတာ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ နှစ်ဦးဘဲရှိတယ်။ ဘာကြောင့်လည်းလို့မေးရင် ဘုရားပါရမီဖြည့်ခဲ့တဲ့အား လက္ခဏာ ကိုယ့်မှာ အပြည့်အစုံပါမလာခဲ့လို့ဘဲ၊ ဘုရားလက္ခဏာ (၃၂) ပါး ပြည့်စုံတယ်ဆိုရင် တော့ ဟုတ်တာပေါ့။

တစ်ခါ ဘုရားသာသနာအတွင်းမှာ ပစ္စေကဗုဒ္ဓါအလောင်း မရှိ ကောင်းဘူးတဲ့၊ ဒါကြောင့် သတိပေးနေတာပါ။ ဘုန်းဘုန်းတို့အနေနဲ့ ပထမ အရေးကြီးဆုံးက ဒီဘက်က နံပါတ် ( ၂ ) အကွက်။ အာရုံသိဆိုတဲ့ သဘော တရားဟာ ဘာကြောင့်ဖြစ်တယ်ဆိုတာကို ဘုရားဟောအတိုင်း ဆရာသမား နဲ့ နည်းခံပြီး ပိုင်းခြား နားလည်အောင် သင်ရမယ်၊ သိလို့ သဘောပေါက် ပြီဆိုရင် အာရုံပေါ် အမှန်သိရင် ဒိဋ္ဌိမလာတော့ဘူး၊ (အမြင်မှား) မလာ တော့ဘူး။

သူမလာရင် မာနရော၊ (မလာပါဘူးဘုရား . . .)။ တဏှာရော၊ ( မလာပါဘူးဘုရား . . . )။ ဒါဖြင့် တဏှာမရှိရင် ဘာပေါ်တုန်း၊ (နိဗ္ဗာန် ပေါ်ပါတယ်ဘုရား . . . )။ ဒါဟာ နိဗ္ဗာန်ပါဘဲလို့ ဆုံးဖြတ်ချက် ကျပြီ ဆိုရင် ဆက်ကျင့်တော့ ရပါပြီ။ မသိသေးဘဲနဲ့ ကျင့်လို့တော့ တယက်သိမှာ မဟုတ်ဘူးလို့မှတ်၊ နားလည်ပြီနော်။ ပြန်ပြောမယ်၊ ကျမ်းဂန်အရ အရေးကြီးလို့ ပြောနေတာနော်။ ဆရာမရှိဘဲနဲ့ ဒုက္ခသစ္စာကို ပိုင်းခြားနားလည်တာ ပိုင်းခြား သိတာဆိုလို့ ဘုရားနဲ့ ပစ္စေကဗုဒ္ဓ နှစ်ဦးဘဲရှိတယ်၊ သဘောပေါက်ပြီလား။ အားလုံးဟာ ဆရာအကူအညီနဲ့မှ နိဗ္ဗာန်ကိုသိရတာ။ တခြားမကြည့်နဲ့၊ ပညာအရာမှာ အင်မတန်ကြီးတဲ့ သာဝကတွေထဲမှာ .အကြီးဆုံးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်ကိုဘဲကြည့်။ သူ့တိုင်သူ နိဗ္ဗာန်သိလို့လား?. . စဉ်းစားလေ။ အရှင်အဿဇိမထေရ်က တစ်ချက်လေး ဟောလိုက်တာနဲ့ သဘောပေါက်သွားပြီး၊ ဟုတ်ပြီလို့ တန်းမြင်တာနော်၊ ဆရာပါရတယ်။ သဘောပေါက်ပြီနော်။ နောက် ရဟန္တာတော့လည်း သူများဟောတာကို ကြားက နာရင်းနဲ့ ရဟန္တာသွားတာ။

ဒါဖြင့် ပညာအရာမှာ အလွန်ကြီးတဲ့ ပုဂ္ဂိုလ်တောင် ဆရာပါသေး တယ်ဆိုတော့ အားလုံးဟာ အရေးမကြီးဘူးလား။ ဒါဖြင့် နိဗ္ဗာန်ဆိုတာ ပထမ သိအောင် ( ဉာတပရိညာဏ်ဆိုတာ ) သဘောပေါက်အောင် နာရလိမ့်မယ်။ ပိုင်ပြီဆိုမှ ဆက်ကျင့်တော့၊ တနည်းအားဖြင့် ဝိပဿနာဆိုတာ လောကီမဂ်၊ မဂ်တို့မည်သည် နိဗ္ဗာန်ပေါ်စမြဲ၊ လောကီမဂ်က စပြီးကျင့်မှ လောကုတ္တရာ မဂ်ဖြစ်မှာပေါ့၊ နားလည်ပြီနော်။

**တရားကျင့်မည့်သူတို့အစိကသိရန်** အရှုခံဖြစ်တဲ့ နံပါတ် ( ၂ ) အကွက် သည် ဘုရားရှင်ဉာဏ်တော်နဲ့ အခက် အခဲဆုံး ကျက်စားခဲ့တဲ့အလုပ်၊ ဒါကို ဘုန်းဘုန်းတို့ ဘုရားဟောအတိုင်း ပြန်သင်ရမှာ။ ဒီလိုသင်တဲ့အခါ

အဘိဓမ္မာကျမ်းကို အခြေခံရတယ်။ အဘိဓမ္မာကျမ်းဟာ မပါလို့မရဘူး၊ ဘုရားက အမိန့်ရှိပြီး သား။ ဒါဟာ ငါဘုရားကိုယ်စား ထားခဲ့တာလို့နော်။ စာပေ၊ ကျမ်းဂန်ကို လက်လွှတ်လို့မရဘူး၊ စာမတတ်လို့လည်း မဖြစ်ဘူး၊ တတ်စရာမလိုဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်ဟာ အမှားဘဲ၊ အရေးကြီးတယ်နော်။ ဒါတွေဟာ ဘုရားဟော တွေဘဲ၊ အဓိကကျမ်းဂန်တွေကို အခြေခံရတယ်နော်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အာနန္ဒာမထေရ်က မေးတယ်။ အရှင်ဘုရား . . . ဘုရားမရှိတဲ့ နောက်မှာ (အိန္ဒိယဆိုတာ သိတဲ့တိုင်းပါဘဲ)၊ ကျင့်စဉ်တွေအများကြီး ပေါ်လာလိမ့်မယ်ဘုရားတဲ့၊ ရှုပ်ယှက်ခတ်ကုန်မှာ သိတယ်နော်။ ဒီတော့ ဘယ်ကျင့်စဉ်ဟာ ဘုရားဟောအစစ်ဆိုတာကို တပည့်တော်တို့ ခံယူရရင် ကောင်းမလဲဘုရား လို့ အရှင်အာနန္ဒာမထေရ်က ကြိုမေးထားတယ်။ ဘုရားရှင်က . . . အာနန္ဒာတဲ့၊ ဘယ်နေရာကလာလာ၊ ဘယ်ကမ္ဘဌာန်းရိပ်သာကလာလာ၊ ပြောချင်တာက ဘယ်လောက်နာမည်ကြီး ပစေပေါ့နော်၊ သူတို့ နိုင်ငံမှာ အစုံရှိတာကိုး။ ဒီလိုလာပြီး နည်းပေးပါစေ၊ သူပေးတဲ့နည်းတွေကို ချက်ချင်းလည်း မငြင်းလိုက်ပါနဲ့၊ ချက်ချင်းလည်း လက်မခံလိုက်ပါနဲ့၊ လက်ခံပြီးတော့လည်း မကျင့်နဲ့၊ ငြင်းလည်း မငြင်းနဲ့အုံးတဲ့။ ငါဘုရားဟောခဲ့တဲ့ ကျမ်းစာတွေရှိတယ်။ သုတ္တံရယ်၊ ဝိနည်းနဲ့ အဘိဓမ္မာရယ်ရှိတယ်၊ ညီတယ်ဆိုရင် ငါ့ဘုရားတရားလို့ မှတ်ပြီး ကျင့်ပါတဲ့။ မညီရင် မကျင့်ပါနဲ့တဲ့နော် . . . နားလည်ပြီနော်။

ဝိပဿနာလည်း ဒီအတိုင်းမှတ်ရမယ်။ ကျမ်းနဲ့ညီမှ ဝိဿနာဖြစ်ရမယ်။ မညီရင် မမှန်ဘူးလို့ မှတ်လိုက်ပါ။ ရဲရဲတင်းတင်းဘဲ ကိုင်ရလိမ့်မယ်။ အခု ဘုန်းဘုန်းတို့ ကြည့်ရမှာ ကျမ်းနဲ့အညီ နိဗ္ဗာန်ဆိုတာ ဘာလဲ ဆိုတော့ နိ–ဝါန။ ဒါဟာ ကျမ်းနဲ့ညီပြီးသား။ သူက တဏှာ မရှိခြင်းသဘော၊

တဏှာမရှိဘူးဆိုတော့ တဏှာမရှိအောင်လည်း ရှေ့မှာပေါ်တဲ့ အာရုံအသိမှာ စိတ်–စေတသိက် ရုပ်တွေပေါင်းစပ်ထားတယ်ဆိုတာသိရင် ဒီ အာရုံအပေါ်မှာ အမှန်သိရင် တဏှာမရှိဘူး၊ အမှန်သိဖို့ အရေးကြီးတယ်။ အဲ့ဒါကို သမ္မာဒိဋ္ဌိခေါ်တယ်။ မဂ္ဂင်ခေါင်းဆောင်ဆိုတာ အမြင်မှန်ကို ပြောတာ။

တနည်းအားဖြင့် ဒီငါးခုဟာ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဲ့ဒီငါးခုကို တနည်းအားဖြင့် ခန္ဓာငါးပါးလို့ခေါ်တယ်။ ဘယ်လိုခေါ်လဲ၊ (ခန္ဓာငါးပါးပါဘုရား . . .)။ အဲဒီ ခန္ဓာငါးပါးဆိုတဲ့ စကားမှာဘဲ လည်တော့တာဘဲ၊ ခန္ဓာဆိုတဲ့စကားဟာ ရှေ့မှာခံထားတော့ လူတွေမျက်စိလည်နေကြတယ်။

**ခန္ဓာရှင်းတမ်း** ဘုန်းဘုန်းမေးမယ်၊ ခန္ဓာဆိုတာသည် မြန်မာစကားလို့ ထင်မနေဘူးလား၊ (ထင်ပါတယ်ဘုရား . . .)။ မဟုတ်ဘူး၊ ပါဠိစကားပါ။ ခန္ဓာဆိုတာ အပေါင်းစုလို့ အဓိပ္ပာယ်ရတယ်။ အစုမှန်ရင် ခန္ဓာလို့ သုံးတယ်၊ ပြတယ်။ အဘိဓါန်ကျမ်းမှာ ခန္ဓာ ညီမျှခြင်း အစုအပေါင်းလို့ပြတယ်။

**ဥပမာ** ဓမ္မခန္ဓာဆိုတာ ကြားဖူးတယ်နော်၊ တရားအစုတဲ့။ ဘယ်လိုဟာလဲလို့ ဆရာတော်ကြီးများ မေးကြည့်တော့ မင်္ဂလသုတ်မှာဆိုရင် ''ပဋိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ အတ္တသမ္မာပဏိဓိ စ . . . ဧတံမင်္ဂလ မုတ္တမံ'' ဆိုရင်တစ်စု။ အဲဒါကို တစ်ခန္ဓာခေါ်တယ်။ ဂါထာလေးတွေ စုထားတယ် မဟုတ်လား။ အဲဒီလို တစ်ခန္ဓာ တစ်ခန္ဓာလေးတွေကိုစုပြီး ဘုရားဟောထားတာ (၈၄၀၀၀) ကျော် ရှိတယ်တဲ့။ ဒီတော့

ခန္ဓာဆိုတဲ့စကားသည် အပေါင်းအစုမှန်ရင် သုံးခွင့်ရှိတဲ့စကား။ ဒီကိုယ်လုံးကြီးလည်း ခန္ဓာဘဲ၊ ဆံပင်ကနေ ကျင်ကြီး ကျင်ငယ် အထိ အကုန်ပါတယ်။ (၃၂) ပါးသော ကောဋ္ဌာသ တွေ ပေါင်းစုထားတာ၊ ထ သွားရင်ရော ကွဲပါ့မလား၊ (မကွဲပါဘုရား . . .)။ ဟုတ်တယ်၊ ဒါကြောင့် ခန္ဓာလို့ ပြောတာ။

၂–အကွက် ဒုက္ခသစ္စာတဲ့၊ ခန္ဓာငါးပါးဆိုတာ ဒီခန္ဓာ ဒီကိုယ်လုံးကြီးကို ပြောတာမဟုတ်ပါဘူး၊ ဒီဘက်က ငါးပါး အစုကို ပြောတာပါ။ ဒီကိုယ်လုံးကြီးနဲ့ ဒီငါးပါးရောရင်တော့ မရဘူး၊ ဒီကိုယ်လုံးကြီးကို ခန္ဓာငါးပါးလို့ထင်ရင် လွဲပြီ။ မိုးကုတ်ဆရာတော်ဘုရားကြီးက အချို့ကျမ်းတွေမှာ ခန္ဓာငါးပါး တုံးကြီးလို့ သုံးတယ်။ တကယ်တမ်း ဆရာတော်ဘုရားကြီး သုံးတဲ့အခါကျတော့ ဒီလိုမဟုတ်တော့ဘူး။ အာရုံ–ဒွါရ မွေးတဲ့ခန္ဓာလို့ သုံးသွားတယ်။ ခင်ဗျားတို့ တရားရှုပါဆိုတာ ကျုပ်က ရှုခိုင်းတာက ခွေးမဟောင်တဲ့ခန္ဓာကို ရှုခိုင်းတာလို့ လည်း သုံးသွားတယ်။

တစ်ချို့ကျမ်းတွေမှာ ဆရာတော်ဘုရားက ခန္ဓာငါးပါးတုံး လို့ သုံးတဲ့အခါ သုံးတယ်။ အဓိကလိုရင်းကို နောက်ပိုင်းမှာ ဟောသွားတာက နည်းနည်းတော့ ဉာဏ်ကစားရမယ်နော်။ ရှေ့ပိုင်းဟောသွားတာနဲ့တော့ မတူဘူး၊ နောက်ပိုင်းခန္ဓာဝန် ချကာနီး ဟောတဲ့တရားတွေဟာ တအားမြင့်တယ်၊ ခန္ဓာငါးပါး တုံးလို့ မသုံးတော့ဘဲ အာရုံ–ဒွါရမွေးတဲ့ခန္ဓာ၊ ခွေးမဟောင်တဲ့ ခန္ဓာလို့ သုံးတယ်။ ဒါဟာ ဒီခန္ဓာငါးပါးကို ရှုခိုင်းတာဘဲ။

ဒီခန္ဓာငါးပါးနဲ့ ဒီကိုယ်လုံးကြီးဟာ မတူဘူး၊ တူတယ် ထင်ရင် မှားလိမ့်မယ်။ နားလည်ပြီလား၊ (မှန်ပါ့ဘုရား . . .)။

စဉ်းစား၊ စကားကိုက **ခန္ဓာချုပ်တာမြင်ရင် နိဗ္ဗာန်၊ ခန္ဓာနိရောဓော နိဗ္ဗာန်** ဆိုတော့ စဉ်းစား၊ မသေခင်မှာ မြင်ရမယ့် နိဗ္ဗာန်ဖြစ်နေတာကို၊ ဒါကြီးသေမှ မြင်ရမယ်ဆိုရင် ဟုတ်ပါ့သလား၊ (မဟုတ်ပါဘူးဘုရား . . .)။ သဘောပေါက်ပြီနော်။ မသေခင်ထဲက နိဗ္ဗာန်မြင်ရမယ်လို့ ပြောထားတယ် မဟုတ်လား။ ဒီတော့ ဒီခန္ဓာနိရောဓကိုတွေ့မှ မသေခင် နိဗ္ဗာန်တွေ့မှာပေါ့၊ တွေးလို့ရတယ်နော်။

ဒါဖြင့် ဒီခန္ဓာသည် ဘယ်လိုသဘောပေါ်သလဲဆိုတော့ **အာရုံ-ဒွါရတိုက်ချိန်မှာ ပေါ်တာ**။ အဲဒီအချိန်ကို ဘုရားက ဘဝ လို့ ခေါ်တယ်နော်၊ သစ္စာသည် ဒုက္ခသစ္စာ လို့ ခေါ်တယ်။ အဲဒီခန္ဓာကို ဘုန်းဘုန်းတို့ သဘောပေါက်အောင် မှတ်ရမှာနော်။

**အာရုံသိ ခန္ဓာငါးပါးသည် ဘဝတစ်ခုလုံးရဲ့ ဖွားသေ**

သူသည် ဘဝတစ်ခုလုံးဘဲဆိုတာကိုလည်း နားလည်ရမယ်။ အာရုံမသိရင် အိပ်ပျော်နေတဲ့အချိန်ကို ဘုရားက ဘဝမြုံတယ်လို့ အမိန့်ရှိတယ်။ အိပ်ပျော်ချိန် မသိရင် ဘဝမြုံတယ်တဲ့။ သေခါစ ခန္ဓာကိုယ်လုံးကြီးရှိတယ်၊ စဉ်းစားပါ၊ အာရုံတွေသိပါ့မလား၊ (မသိပါဘူးဘုရား . . .)။ သူ့ကို ရွှေတွေ ဆင်ထားတယ်၊ ဝတ်ကောင်းစားလှတွေ ဝတ်ပေးထားမယ်၊ ကောင်းကောင်းမွန်မွန် ထားတယ်ဆိုရင် သိပါ့မလား၊ (မသိပါဘူးဘုရား . . .)။ ဒါဖြင့် အဲဒီပုဂ္ဂိုလ်ကို ဘဝရှိတယ် ပြောမလား၊ မရှိဘူး ပြောမလား၊ (မရှိပါဘူးဘုရား . . .)။ ဘာကြောင့်လည်းဆိုတော့ သူ့မှာ အာရုံသိ မလာတော့လို့ ဒီခန္ဓာ မရှိတော့ဘူး။ ဒါမရှိရင် ကိုယ်လုံးကြီးရှိသော်လည်း

ဘဝမရှိဘူး၊ ကိုယ်လုံးကြီးကတော့ မသာဖြစ်ကာစ ဒီအတိုင်းဘဲ။ အိပ်ပျော် လည်း ဒီအတိုင်းဘဲ၊ သဘောပေါက်ရဲ့လား။ သူ့ကို ဘဝမယူဘူးနော်၊ ဒီအာရုံသိကိုသာ ဘဝယူရမှာနော်။ ပြန်ပြောမယ်၊ နည်းနည်းတော့ စဉ်းစားရမယ်၊ ဘုရားတရားတော်ဟာ အလွန်နက်ရှိုင်းတယ်။

ဒီကိုယ်လုံးကြီးတွေ အိပ်ပျော်သွားပြီဆိုပါတော့၊ ခြင်ကိုက်ရင် သိပ့်မလား၊ (မသိပါဘူးဘုရား . . .)။ မသာနဲ့ သိပ်မကွာဘူးနော်၊ သေခါစဆိုရင် ရော သိပ့်မလား၊ (မသိပါဘူးဘုရား . . .)။ ဒါဖြင့် ဘဝဆိုတာသည် ဒီကိုယ်လုံးကြီးလို့ ယူတာမဟုတ်တာတော့ သေချာပြီ။ ဒီငါးခုသာ ဘဝလို့ ယူရမှာ၊ သဘောပေါက်ပြီလား။ အဲဒီငါးခုပေါင်းတော့မှ အသိပေါ်လာတာကို ဘဝလို့ ယူရမှာနော်။ ဒါကိုသာ ဘုရားက ဒုက္ခသစ္စာလို့ခေါ်တာ။ လိုရင်းက အဲဒါဘဲ၊ **ဘဝအစစ်က အဲဒါဘဲ**။ ဘဝဆိုတဲ့**အသိ**ပေါ်တာကို ဖွားမြင်တယ်ခေါ်တယ်။ **အသိပျောက်သွား**တာကို ဘဝသေတယ်လို့ခေါ်တယ်။ အဲဒါမှ ဖွားသေအစစ်၊ **နားလည်ကြပြီလား**။ **အသိ**လေးဖြစ်ပေါ်တာကို ဘဝလို့ ခေါ်တာ၊ ဇာတိဖြစ်**လိုက်တာ**၊ ပျောက်သွားတာက ဇရာ၊ မရဏ၊ ဖွားသေ။ ဘဝရဲ့ဖွားသေဆိုတာ ***'သူ၊ သူ့ကို တကယ်တွေ့နေရမှာ'** အသံကြားလိုက်တယ်၊ မနောပေါ်**တယ်ဆိုရင်** ဒီမှာလည်း ဖွားသေ၊ ဒီမှာလည်း ဖွားသေ၊ ပြီးရင် ပျောက်**သွားတယ်**။ ဒါဆို ဘဝမရှိတော့ဘူး။ **သိသဘောလေးပေါ်တာ** ဖွားသေဘဲ၊ **ဘဝတစ်ခုလုံးနော်၊ အစိတ်အပိုင်းမယူနဲ့၊ ဘဝတစ်ခုလုံး ယူရမှာ**။ '**ကိုယ့်ဘဝတစ်ခုလုံးရဲ့** ဖွားသေ' ဟာ ကြားသိ ကြံသိ အသက်ရှူတယ်၊ ထိသိ မနောမှာ ကြံသိ၊ **အဲဒီအသိလေးတွေ ပျောက်သွား**


---

* အာရုံ-ဒွါရတိုက်ချိန်မှာ ဖြစ်ပေါ်ခွင့်ရသော ခန္ဓာငါးပါး (အာရုံသိသဘော) ကို ညွှန်သည်။

**တဲ့ ဖွားသေဟာ ဘဝတစ်ခုလုံးရဲ့ ဖွားသေ ဆိုတာကို ဆုံးဖြတ်ချက်** **ရဲရဲချ၊** နားလည်ပြီနော်။ အဲဒီလို ဆုံးဖြတ်ချက်ကျပြီဆိုရင်တော့ ဘုန်းဘုန်း ရဲရဲအာမခံတယ်၊ တရားရပြီလို့၊ ဘုရားအလိုကျရောက်ပြီ။

**ဗုဒ္ဓအဘိဓမ္မာ–ခန္ဓာဖြစ်ပေါ်ပုံ**  ဒါဖြင့် အာရုံသိသဘောဆိုတဲ့ ဘဝဟာ ဘယ်လို ပေါင်းစပ် ဖြစ်ပေါ်တယ်ဆိုတာကို ဘုရားဟော အဘိဓမ္မာကျမ်းနဲ့ အကျဉ်းဆုံး နားလည်လွယ်အောင် သင်ရအောင် အဘိဓမ္မာကျမ်းဆိုတာ အားလုံးသိတဲ့အတိုင်းပါဘဲ၊ ကျယ်လည်းကျယ်ဝန်းတယ်၊ နက်လည်းနက်ရှိုင်းတယ်နော်။ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ဒါကို ခြုံသင်ပေးမယ်နော်။

နှုတ်တစ်ရာ စာတစ်လုံး၊ စာတစ်ရာ ပုံတစ်ချပ်တဲ့၊ ရှေးစကားရှိတယ်။ ဒါကြောင့်မို့ ပုံစံနဲ့သင်တာဟာ ပိုပြီး ခရီးရောက်တယ်လို့မှတ်ပါ။





* ကျောက်ခဲနှစ်လုံးကို အားနဲ့ခတ်ပါက 'မီး' တောက် သကဲ့သို့

* ခေါင်းလောင်း၌ '[illegible]' သကဲ့သို့

အဓိက ပရမတ္ထတရားသည် ဘယ်နှစ်ပါးရှိလဲဆိုတော့ လေးပါး ရှိတယ်။ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ နိဗ္ဗာန်ရယ် ဒါပဲရှိတယ် မဟုတ်လား။ ဒါသည် တကယ့်အရှိတရားနော်။ စိတ်–စေတသိက်မှာ တစ်ခါ အာရုံသိဖြစ်တဲ့အခါမှာ ဒါတွေ ဘယ်လိုပါသလဲ ကြည့်ရအောင်နော်။ အာရုံ–ဒွါရတိုက်ချိန်မှာ ( ဒီပဲရင်းဆရာတော်ဘုရားကြီး အဆုံးအမကို ယူရအောင်။ မိုးကုတ်ဆရာတော်ဘုရားရဲ့ အဆုံးအမဟောစဉ်လဲ ပါရမှာဘဲ။ ခုလို ဝါရင့် ဆရာတော်တွေရဲ့ အဆုံးအမတွေ ပေါင်းစုပြီးပါတော့ ပိုမကောင်း ဘူးလား၊) (ကောင်းပါတယ်ဘုရား . . . )။ ပုဂ္ဂိုလ်စွဲ မထားနဲ့နော်၊ **(တစ်ပါးတည်း ဉာဏ်နဲ့သုံးတဲ့အခါ၊ စကားလုံးရွေးတာ အားနည်းတဲ့အခါ နည်းသွားတတ်တယ် ။ ဒီပဲရင်းဆရာတော်ဘုရားကြီးလည်း ရဟန္တာလို့ သမုတ်တာဘဲ။ ရွှေကျင်သာသနာပိုင်ကြီးနော်။) "အာရုံသိ ပေါ်တာ ဟာကွယ် ကျောက်ခဲ နှစ်လုံးကို အားနဲ့ခပ်သလိုဘဲတဲ့"** အာရုံသိ ဖြစ်ပေါ်ပုံကို အကျဉ်းဆုံးနည်းနဲ့ပြခဲ့တယ်မှတ်ပါ။ တခြားနည်းနဲ့ ပြမယ် ဆိုရင် အကြာကြီးပြရလိမ့်မယ်။ အဘိဓမ္မာကျမ်းသာချပြရင် အကုန် အိပ်ငိုက်ကုန်မယ်။ နောက် (၃) နာရီနဲ့ မပြီးဘူး၊ ဒါကိုကျဉ်းလိုက်တာနော်။ **အာရုံသိသဘောပေါ်တာသည် ကျောက်ခဲနှစ်လုံးကို အားနဲ့ခတ်သလိုတဲ့၊ ကျောက်ခဲနှစ်လုံးကို အားနဲ့ခတ်လိုက်ရင် မီးလေးပွင့်သွားတယ် မဟုတ်လား၊** (တင်ပါ့ဘုရား . . . )။ အာရုံဒွါရတိုက်တဲ့အချိန်။ အဲဒီလို တိုက်တဲ့အချိန်မှာ စိတ်–စေတသိက်တွေ ဖြစ်ခွင့်ရသွားတယ်တဲ့၊ တပေါင်းတည်းဖြစ်ခွင့်ရတယ်၊ ပုံစံနဲ့ နားလည်မယ်နော်။ ဒီလို ပေါင်းလောင် သွားလို့ ဖြတ်ကနဲပေါ်တာကို ဖဿလို့ ခေါ်တယ်။

---

* တစက်ပုံ 'ဖဿ' နေရာတို့ တောက် ပြ၍ "ဒီလို" ဟု ခုနင်းပြခြင်း




ဖဿဆိုတာ ပေါင်းလောင်တာဘဲ၊ **"ပေါင်းလောင်တယ်ဆိုတဲ့ စကား"** တခြားက ရတာမဟုတ်ဘူး။ လယ်တီဆရာတော်ဘုရားဆီက ရတာမှတ်။ **"ခြောက်ပါးဖဿ ဖျန်းဖျန်းထလျှက်"** ဆိုတာ လျှပ်စစ်လက်သလိုဘဲပေါ့၊ လောင်တာဘဲပေါ့နော်။ ဒီဘက်က အာရုံဖြစ်မယ်ဆိုရင် ဒီဘက်က ဒွါရဖြစ်မယ်၊ အာရုံ–ဒွါရဆိုတာကို မျက်စိလည်ချင် လည်လိမ့်မယ်။

ဒီဘက်က အသံဖြစ်ခဲ့သော် ဒီဘက်က နားဖြစ်မယ်၊ သဘောပေါက်တယ်နော်။ အာရုံ–ဒွါရ တိုက်တဲ့ချိန်၊ အဲဒီအချိန်ကျမှ ရုပ်တွေပေါင်းလောင်တာနဲ့တပြိုင်နက် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လေးခုသည် ပေါင်းစုခွင့်ရတယ်တဲ့။ ဝိညာဏ်ဆိုတာသည် ဘယ်ကလာလည်းဆိုတော့ သူသည် စိတ်ရဲ့အမည်ဖြစ်နေတယ်။ အဘိဓမ္မာမှာ ဝေဒနာ၊ သညာ၊ သင်္ခါရသည် စေတသိက်ရဲ့ အမည်ဖြစ်နေတယ်။ ဘယ်ကလာလည်းဆို တော့ စိတ်တစ်ချက်ပေါ်ရင် ပါပြီးသားတဲ့။

ဖျတ်ကနဲ ပေါ်တဲ့အခါ ဒီမှာပေါ်တယ်ဆို လာပေါ်တာတဲ့။ သူ့အလိုလို ပေါ်ခွင့်မရဘူးနော်၊ ပင်မစိတ်က ဒါနော်။ အရံဖြစ်တဲ့ စေတသိက်က ဒါတွေဘဲတဲ့၊ နောက် (၅၂) ပါးရှိတယ်ဆိုတာ ဝေဒနာမှာ (၁)၊ သညာမှာ (၁)၊ သင်္ခါရမှာ (၅၀) လို့ ခွဲလိုက်တယ်၊ တပေါင်းတည်းနော်။ ပင်မစိတ်က တစ်ခုတည်းပါတာ၊ တစ်ပေါင်းတည်းဖြစ်တာ၊ သူ့အလိုလိုလည်း စိတ် တစိတ်တည်း ပေါ်မနေဘူး။

အာရုံ–ဒွါရတိုက်ချိန်မှာသာဖြစ်ပြီး တပေါင်းတည်း ပါသွားတာ။ ဒီတော့မှ **သိ** ဆိုတဲ့ သဘောတရားဖြစ်လိုက်တာ။ **ဆိုင်ရာ အာရုံသိပေါ့နော်။** နားမှာဆိုရင် အသံ အာရုံသိ ဖြစ်လိုက်တယ်။ **မျက်စိမှာဆိုရင် အဆင်း အာရုံသိ၊ နှာခေါင်းမှာဆိုရင် အနံ့အာရုံသိ၊ လျှာမှာဆိုရင် အရသာ အာရုံသိ၊ ကိုယ်မှာဆိုရင် အတွေ့ထိအာရုံသိ၊ စိတ်မှာဆိုရင် ဓမ္မာရုံ အာရုံသိ** ဖြစ်လိုက်တယ်၊ အဲဒါဟာ အဘိဓမ္မာရဲ့ အနှစ်သာရဘဲ။

**အာရုံသိသဘော ခန္ဓာငါးပါးကိုရှုမှတ်ရန်နည်းပေးထားပုံ** ဒီတော့ ပရမတ္ထတရား ရုပ်ကို ဘာသာပြန်တဲ့ အခါ ဖောက်ပြန်မှု သဘောတဲ့။ ဥပမာနဲ့ သွားမှ ပိုလွယ်မယ်။ ရုပ်ကို ဘုန်းဘုန်းတို့ **ရှုတဲ့အခါ ဖောက်ပြန်တဲ့သဘော ဆိုပြီး ရှုတ်လို့မရဘူး။ ရုပ်လို့ရှုတ်ပြီး မရှုရဘူး။** ရှုတဲ့အခါ ရုပ်က ဒီလိုမတွေ့ဘူး၊ **ရုပ်လို့ မပြောဘူး၊** သူက **ရေမြှုပ်လို ပြတယ်။ ရေမြှုပ်လို ဖြစ်နေတယ်တဲ့။** ဘယ်လို ရေမြှုပ်လည်းဆိုတော့ အချိုရည်ပုလင်းတွေကို ဖန်ခွက်ထဲ ဖောက်ထည့်တဲ့အခါ အမြှုပ်မထဘူးလား? (ထပါတယ်ဘုရား . . . )။ လေဘောလုံးလေးတွေလိုဘဲနော်။ ကြည့်ရင်းနဲ့ ပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား . . )။ အဲဒီအတိုင်း

တွေ့ရမယ်၊ ဟုတ် မဟုတ် ကြည့်ရအောင်၊ မနောမှာ အာရုံသိကို ရုပ်ဘက်က ကြည့်ရမယ်နော်။

ဘုန်းဘုန်းက သစ်ကုလားအုပ်လို့ ပြောလိုက်မယ်၊ ဘုန်းဘုန်း ပြောလိုက်တဲ့အသံကို နားကနေ ကြားလိုက်ရတယ်။ ကာလမခြား မနောမှာ ပေါ်တယ်နော်။ လည်ပင်းရှည်နဲ့ သစ်ကုလားအုပ်ကြီးလို့ ပြောလိုက်တယ်၊ ကြားလိုက်တယ်နော်၊ (တင်ပါ့ဘုရား . . .)။ ဒီက ဖွဲ့လိုက်တော့ ပုံရိပ် ပေါ်မလာဘူးလား၊ (ပေါ်ပါတယ်ဘုရား . . .)။ အဲဒါကို နောက်စိတ်အာရုံက အဖြေမှန် ထုတ်ကြည့်လိုက်ပါ၊ ပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား . . .)။ ရေမြှုပ်လိုဘဲ၊ သဘောပေါက်ရဲ့လား၊ ပျောက်သွားတာ အမှန်နော်၊ ရပြီနော်။

**နောက်ဥပမာ** ❀ 'ကိုယ်နေတဲ့ အိမ်' .. ဆိုရင် မကြားလိုက်ဘူးလား၊ (ကြားပါတယ်ဘုရား . . .)။ အိမ် ပုံ ဖော် လိုက်တယ်၊ တ ဖြည်း ဖြည်း ပျောက် မ သွား ဘူး လား၊ (ပျောက်သွားပါတယ်ဘုရား . . .)။ ရေမြှုပ်လိုဘဲ၊ သဘောပေါက်တယ်နော်။ အချိုရည်ပုလင်းထဲမှာရှိတဲ့ ရေမြှုပ်လေးဟာလည်း တဖြည်းဖြည်း ပျောက်မသွားဘူးလား၊ (ပျောက်သွားပါတယ်ဘုရား . . .)။ အဲဒီ အချိန်မှာ **ကျွန်တော်ဟာ ခင်ဗျားရဲ့အိမ်လို့ ပြောရဲ့လား၊** (မပြောပါဘူးဘုရား . . .)။ စကားမပြောဘူးနော်၊ **ပညတ်စကားလုံး မရှိ၊ ပုံသဏ္ဌာန်ပညတ်လည်း မရှိ၊ အထည်ပညတ်လည်းမရှိဘဲ** ပျောက်သွားတယ်၊ တစ်ချက်ရပြီနော်။

ဝေဒနာဘက်ကကြည့်မယ်ဆိုရင်လဲ **ဝေဒနာလို့ မရှုရဘူးတဲ့၊ နာတယ် ကျင်တယ်လို့ မရှုရဘူးတဲ့။** ဘယ်လို ရှုရလည်းဆိုတော့ သေသေချာချာမှတ်ပါ၊ **ရေပွက်လို တွေ့ရတယ်တဲ့၊** နာတာ ကျင်တာ မဟုတ်ဘူးနော်၊ **ခံစားမှုသဘောလို့လည်း မယူနဲ့၊** ဒါက နားလည်အောင်ပြောတာ၊ **တကယ်တွေ့ရတာက ရေပွက်လို တွေ့ရတာနော်။** နာတယ် နာတယ် ဆိုတဲ့ စကားနဲ့ မတွေ့ဘူးနော်။ အဲဒီလိုဆို တွေ့မှာမဟုတ်ဘူး၊ ရေပွက်လို တွေ့မှ ဝေဒနာကို တွေ့မှာတဲ့၊ သဘော ပေါက်ပြီလား။ ပူတယ် အေးတယ်လို့ မကြည့်ရဘူးနော်၊ တကယ်ကြည့်ရင် **ဘုရားက ရေပွက်လိုတဲ့** . . . ။

ဥပမာ ထမင်းအိုးတည်တဲ့အခါ၊ ဆူတဲ့အခါ ပွက်မလာဘူး လား၊ (ပွက်လာပါတယ်ဘုရား . . . )။ ဒီလိုပွက်ပြီးရင် ပျောက်မသွားဘူးလား၊(ပျောက်သွားပါတယ်ဘုရား . . . )။ ထိဆိုရင် သိလိုက်တာနဲ့ ပျောက်သွားတယ်၊ ဝေဒနာ ဘက်ကလည်း ရေပွက်လိုဘဲ ပျောက်သွားတယ်တဲ့၊ နားလည်ပြီနော်။

သညာဘက်ကကြည့်ရင် တံလျှပ်လို တွေ့ရမယ် တဲ့၊ **မှတ်သားတယ်လို့ မတွေ့ရဘူး၊** မှတ်သားတယ် ဆိုတာ စကားလုံးသက်သက် **တံလျှပ်လို တွေ့ရ မယ်တဲ့။**

သင်္ခါရဘက်ကကြည့်ရင် **ငှက်ပျောတုံးလို တွေ့ရမယ်တဲ့**၊ အနှစ်မရှိဘူးတဲ့၊ ငှက်ပျောတုံးကို တဖတ်စီခွာလိုက်၊ နောက်ဆုံးပိတ် ကိုင်စရာကျန်ပါ့ မလား၊ (မကျန်ပါဘူးဘုရား . . . )။ အဲဒီအတိုင်း **မှတ်ရ** မယ်တဲ့။

ဝိညာဏ်ဘက်ကြည့်ရင် **မျက်လှည့်လို တွေ့ရ မယ်တဲ့**၊ တကယ်မဟုတ်ဘူးလို့ သိရမယ်၊ သိ ဆိုတဲ့ အရာမှန်သမျှဟာ ခန္ဓာငါးပါးလို့ မှတ်ပါ။

ဥပမာ ငါးမျက်နှာ အံစာတုံးလို ငါးဖက်က လှည့်ကြည့်တာ၊ ငါးမျိုးလုံး တစ်ပြိုင်နက် ကြည့်လို့မရဘူးနော်။ သိ ဆိုရင် ပေါ်တဲ့အခါ တစ်မျိုးတည်း ကြည့်ရမှာ။ ရှုတဲ့အခါ တစ်မျိုး တည်းပဲ ကြည့်ရမှာနော်။ **ဘုရားရှင် နည်းပေးခဲ့ပြီး သား**၊ အဲဒီထဲမှာ အများဆုံး ဘုရားဟောပြီး ရဟန္တာ– တာက သညာဘက်က များတယ်၊ ကျမ်းအရကြည့်တာ တော်တော်များများက သညာဘက်ကနေကြည့်လို့ ရဟန္တာ–တာ များတယ်တဲ့။ တံလျှပ်လိုမြင်တာက အရှင်းဆုံးဘဲ။

**တံလျှပ်ပမာ (ဘ၀) ခန္ဓာ** တံလျှပ်ဆိုတာ မြင်ဘူးတဲ့သူတွေလည်း ရှိတယ်။ တစ်ချို့ကျတော့ မမြင်ဖူးဘူး။ သမင်တစ်ကောင်သွားရင်း ညဘက် မျက်စိ လည်သွားတယ်တဲ့၊ သဲကန္တာရ ဘက်ကို မျက်စိလည်သွားတယ်တဲ့၊ မနက်ကျ တော့ သဲကန္တာရဘက်ကို ရောက်သွားတယ်။ နေကပူလေ ရေကတော်လာ

လေဘဲ၊ ဒီလိုသွားရင်းနဲ့ နေကပူလွန်းတော့ အငွေ့ထလာတယ်။ **အပူရှိန်က** အငွေ့ထလာတော့ အဝေးကကြည့်ရင် အနိမ့်အမြင့် နေရာလေးတွေက ရေအိုင်လို့ ထင်ရတယ်၊ သဘောပေါက်တယ်နော်။ (ကတ္တရာလမ်းတွေကို လည်း သတိမထားမိလို့၊ နွေဆို အနိမ့်အမြင့် နေရာလေးတွေမှာ ရေလို့ မှတ်ထင်ရတယ်။ အနားသွားကြည့် မရှိတော့ဘူး) သမင်လေးကလည်း အနိမ့် အမြင့်နေရာကို ရေရှိတယ်မှတ်လို့ ပြေးတယ်၊ အနားရောက်ရင် ပျောက်သွား ပြန်ရင်းနဲ့ဘဲနော်။ အနားဝန်းကျင်ကို ကြည့်လိုက်တော့လည်း ဒီအတိုင်းဘဲ၊ နောက်ဆုံးပိတ် သေသာသွားရော၊ ရေမတွေ့ဘူး။

လူတွေဟာလည်း အဲဒီဥပမာလိုဘဲတဲ့၊ ပင်ပန်းနေကြရတယ်။ တံလျှပ်ရေထင်ပြီး လိုက်တဲ့အခါ **''လိုက်လေ လိုက်လေ ဝေးမပြေသည် ပန်းခြေလက်ကျ ရှိတုံစွ့သို့''** လို့ ပြတယ်။ ဒီတော့ ဘုန်းဘုန်းတို့ဟာ တွေးသမျှ အတွေးတွေကို အကောင် ထင်တာဟာ တံလျှပ်ကို ရေထင်သလိုဘဲ ဟုတ်မဟုတ် စဉ်းစားကြနော်။

**ခုနေ မျက်စိမှိတ်ထားတယ်၊ မျက်နှာပုံ အိမ်ပုံတွေ ဖော်လိုက် တယ်။ ဒီအခါ အကောင်လို့ ထင်မနေဘူးလား၊ အဲဒါ တံလျှပ်ကို ရေမှတ်တာဘဲ။** ငါ့အိမ်လို့ ထင်လိုက်သေးတယ်၊ ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား . . . )။ ဟိုက ပျောက်သွားပြီ။ ဒါကိုပဲ အတင်းခံစားပြီး လိုချင်တော့ အားစိုက်တယ်၊ ဒီလိုအားစိုက်ပါများရင် နှလုံးအိမ်မှာ အပူဓါတ် ထွက်လာတယ်။ ဒီလို အပူဓါတ်အရှိန်တွေ ထွက်လာပြီဆိုရင် ကံမြောက် သွားပြီ။ ငါ့အိမ်အတွက် ငါဘာလုပ်မယ်လို့ အားစိုက်လေ ပင်ပန်းလေဘဲ။ **ဉပါဒါန် ကံ** ရောက်တော့တာဘဲ၊ **ဆုံးဖြတ်ချက်နဲ့ သွားတာကိုး။**

အဲဒီမှာ အပူဓါတ်အရှိန်တွေ ပြင်းပြင်းသွားရင် ဖွဲ့စည်းပုံတွေဟာ ပြောင်းတော့တာကိုး၊ ဓါတ်ရိပ် ဓါတ်ခိုးတွေ ပြောင်းတော့တာဘဲ။ အဲဒီအရှိန်နဲ့

**မရပ်ဘဲ သေခဲ့သော် ဇာတိ။ အပူဓါတ် အရှိန်ပြင်းပြင်းနဲ့ဆိုရင် အပါယ် ဇာတိ၊ မာန်လျော့လို့ အအေးဓါတ်အရှိန်ဆိုရင် နတ်-ဗြဟ္မာ** ဇာတိ ဖြစ်မယ်။ အထက်ဆန်တယ်ပေါ့ နော်။ ဒါန-သီလတွေ အားကောင်းပြီး အအေးဓါတ်နဲ့ သွားရင်တော့ နတ်ဖြစ်မယ်ပေါ့။ သို့သော် အို နာ သေ လွတ်ပါ့မလား? မလွတ်ဘူးနော်။ ဒီအရှိန်ကို ရပ်နိုင်မှ မထွက်အောင် လုပ်နိုင်မှရမှာပေါ့။ **အရှိကို အရှိအတိုင်း တံလျှပ်ကဲ့သို့ မြင်လိုက်လို့ရှိရင် တော့ဒီအာရုံတွေဟာမြဲမလား၊ ပျောက်မလား၊** (ပျောက်ပါမယ်ဘုရား ..)။ **ပျောက်တယ်ဆိုရင် အာရုံကို ကပ်တဲ့ တဏှာသည် လာပါအုံးမလား၊** (မလာပါဘူးဘုရား ...)။

ဒီနေရာ အရေးကြီးဆုံးဘဲ၊ ဒီငါးခုကို ဘုရားဉာဏ်တော်နဲ့မှ ပိုင်းခြား ပြနိုင်တာနော်။ စိတ်-စေတသိက်တွေကို ဘုရားက အမည်ပေးထားတာ၊ စိတ်ကလည်း မြင်ရတာမဟုတ်၊ စေတသိက်ကလည်း မြင်ရတာမဟုတ်ဘူး။ ရုပ်ကလည်း အင်မတန် သိမ်မွေ့တယ်၊ ပေါ်ပြီးပျောက်တယ်။ ဘုရား ဉာဏ်တော်နဲ့မို့လို့ ပိုင်းခြားပြနိုင်ခဲ့တာ။ ဒါဟာ ကိုယ့်အလုပ် မဟုတ်ပါဘူး၊ အဲဒါကို ယုံကြည်မှု သဒ္ဓါတရားနဲ့ လက်ခံပြီးတော့ ဟုတ်ပြီလို့ ဆုံးဖြတ်ချက် ချရတယ်။ လက်တွေ့လည်း မြင်ရတယ်၊ စိတ်-စေတသိက်ကို ကိုယ်တိုင်မြင်ရ မှလို့ သွားမယူနဲ့နော်။ စိတ်ကိုမြင်အောင်၊ စေတသိက်ကို မြင်အောင်လို့ တစ်ချို့ ဦးတည်တာ ရှိသေးတယ်။

စိတ်-စေတသိက်ကို သိမြင်လိမ့်မယ်။ ထိုင်သာထိုင်လို့ တစ်ချို့က ပြောကြတယ်၊ ဒါဟာ မဖြစ်နိုင်တာကို ပြောတာ၊ လုံးဝ မဖြစ်နိုင်ဘူး၊ မြင်ရ မှာလည်း မဟုတ်ဘူး၊ ပိုင်းခြားသိစရာအကြောင်း မရှိဘူး၊ မမြင်တာမို့ **ယုံကြည်မှုနဲ့ သွားရမယ်။**

**ယုံကြည်မှုသဒ္ဓါရှင်းတမ်း**

ယုံကြည်မှုစကားလေးဟာ အရေးကြီးတယ်နော်၊ သဒ္ဓါတရားခေါ်တယ်။ တိပိဋကတ် ယောဆရာတော်ဘုရားကြီးရဲ့ ကျေးဇူး အင်မတန်ကျေးဇူးများတယ်။ ဆရာတော်ကြီးဟောတာကို မှတ်ရတယ်။ သဒ္ဓါတရားဟာ အရေးကြီးဆုံးလို့ ပြောတဲ့စကား ဘုရားဉာဏ်တော်နဲ့ဟောခဲ့တာ တစ်ချို့ကိစ္စ ကိုယ်မြင်တာမဟုတ်ဘူး။ ယုံကြည်မှုနဲ့ သွားရမှာ၊ ဘယ်လို ဥပမာပေးလဲဆိုတော့ **"ကမ္ဘာ့မြေပုံကြီးကို ပြမယ်ဆိုပါတော့ကွယ်တဲ့၊ ဒီမြေပုံကြီးကို ယုံလားဆိုတော့ အားလုံးဟာ အကုန်လက်ခံ ယုံကြည်တယ်တဲ့၊ မြေပုံကိုကြည့်ပြီး သွားကြတာကို လက်ခံယုံကြည်တယ်တဲ့။ ဒီလို ယုံကြည်တယ် ပြောရအောင်၊ ကမ္ဘာအနှံ့ကို ရောက်ဖူးလားတဲ့"**၊ ရောက်ဖူးလား၊ (မရောက်ဖူးပါဘူးဘုရား ...)။ **ဘာလို့ယုံကြည်လဲ စဉ်းစား၊ အဲဒါကို ယုံကြည်မှု သဒ္ဓါလို့ ခေါ်တာပဲတဲ့၊** မှန်တယ်လို့ လက်ခံထားပြီး သွားတော့ ရောက်လည်းရောက်တယ်။ ဒါဟာ သဒ္ဓါတရား။ အကြောင်း အကျိုး ဆက်စပ်ကြည့်တော့ အကုန်မှန်သောကြောင့် လက်ခံယုံကြည်မှု သဒ္ဓါတရား၊ ကိုယ်မရောက်သော်လည်း ယုံကြည်ရမယ်နော်။ ဒီအတိုင်းဘဲ။

ဘုရားဟာ အရဟတ္တဖိုလ် ရောက်တယ်ဆိုတာကို ယုံကြည်ထားရမယ်နော်။ နိဗ္ဗာန်ဆိုတာကို ပထမ မသိသေးဘူး၊ မရောက်သေးဘူးထား၊ သို့သော် ဘုရားဟောထားတာ ဒါတွေဟာ ဟုတ်တယ်။ "စိတ် စေတသိက်" ဆိုတာကို လက်ခံရမယ်။ **ကိုယ်တိုင် မမြင်ရသော်လည်း ဘုရားသည် တကယ် မြင်တော်မူခဲ့တဲ့ဘုရား။ အာရုံသိပေါ်တဲ့နေရာမှာ ဒါတွေ ပေါင်းစပ်တယ်ဆိုတာကို ကိုယ်က စိတ်–စေတသိက် မမြင်ရဘူးထား၊ 'သိ'သဘောပေါ်တာကတော့ အမှန်ဘဲ။** အသိကြီးမှုနဲ့ ပိုလိုက်တယ်၊

အရိပ်ထင်တာကိုလဲ သိလိုက်ရတာအမှန်ဘဲ။ ပျောက်တာလည်း အမှန်ဘဲ။ အထည်မဟုတ်တာ လည်း အမှန်ဘဲ။ **ဒါဖြင့် တံလျှပ်ကဲ့သို့ဆိုတဲ့ စကားဟာ မှန်မနေဘူးလား။** ဒီတော့ လက်ခံရမယ်၊ ယုံကြည်ရမယ်၊ နားလည်ပြီနော်။ တံလျှပ်ကဲ့သို့ဘဲ ဆိုတဲ့စကားကို လက်ခံယုံကြည်စွာနဲ့ ကျင့်ရမယ်၊ ယုံကြည်စွာနဲ့ ကျင့်လို့ ရှိရင် အာရုံတွေကို ဆက်စရာအကြောင်း မရှိတော့ဘူး၊ တဏှာမရှိတော့ဘူး၊ သဘောပေါက်ပြီနော်။

**လက်တွေ့ပြ၍ရှင်းခြင်း**

ဒါဖြင့် အသက်ကို ရှုလိုက်မယ်ဆိုရင် ကိုယ်မှာ လှုပ်တာနဲ့ တပြိုင်နက် ဗိုက်တွေ ကိုယ်တွေ ရင်ဘတ်တွေ ပေါ်မနေဘူးလား၊ (ပေါ်ပါတယ်ဘုရား . . . )။ အဲဒီပေါ်တာကို ဘယ်လိုရှုရမလဲဆိုတော့ တံလျှပ်ကဲ့သို့ ဒီအတိုင်းဘဲ ရှုရမှာ၊ သိပေးရုံလေးပဲနော်။ နောက် စိတ်အစုက အဖြေထုတ်တယ်လို့ ခေါ်တယ်။ ပေါ်တာကို ရှေ့က အာရုံကို လက်ခံလိုက်တယ်၊ အဲဒီလက်ခံလိုက်တာကို နောက်စိတ်အစုက ဆုံးဖြတ်တာ၊ ပေါ်တဲ့အာရုံကို လက်ခံဆုံးဖြတ်တယ်လို့ ခေါ်တယ်။ ဒါကို စာပေအရ ပြောတာနော်၊ ဘုန်းဘုန်းအရပ်စကားနဲ့ အလွတ်ပြောတာမဟုတ်ဘူး။

စိတ်ရဲ့ သဘောတရားဟာ အာရုံကိုသိတဲ့နေရာမှာ ဝိညာဏ်ပြီးရင် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော (မနောဒွါရဝဇ္ဇန်း) လို့ အဘိဓမ္မာမှာ ဆိုထားတယ်။ မြန်မာလို . . . လက်ခံတယ်၊ စုံစမ်းတယ်၊ ဆုံးဖြတ်တယ်၊ ကျမ်းစာကို သင်ဘူးတဲ့ ပုဂ္ဂိုလ်တွေ သိလိမ့်မယ်နော်။ ဘာသိသိ အာရုံသိရင် လက်ခံတယ်၊ စုံစမ်းတယ်၊ ဆုံးဖြတ်တဲ့ အလေ့အထရှိတယ်၊ ဒီတော့ နောက်စိတ်အစုက လက်ခံ စုံစမ်း ဆုံးဖြတ်တော့မှာ။ **ဆုံးဖြတ်တဲ့အခါ အမြင်မှန်နဲ့ ဆုံးဖြတ်ရမှာနော်။**

အသက်ရှူလိုက်တယ်ဆိုရင် ကိုယ်မှာထိတာနဲ့ မျက်နှာ ကိုယ်အမူအရာ အရိပ်ဟာ တံလျှပ်လိုပဲလို့ ဆုံးဖြတ်ရမယ်။ ငါလို့ ပြောပါ တော့မလား? (မပြောပါဘူးဘုရား ...)။ ကျွန်တော်ဟာ ခင်ဗျားနှာခေါင်းပါလို့ ပြောရဲ့လား၊ ငါလို့ရော ဝန်ခံရဲ့လား? (ဝန်မခံပါဘူးဘုရား ...)။ ပြီးရင် တံလျှပ်ကဲ့သို့ အနှစ်သာရရှိပါ့မလား? အဲဒီအတိုင်း သိလိုက်တယ်ဆိုရင် အာရုံဟာ မတည်မြဲတော့ဘူး၊ ပျောက်သွားတယ်။ ပျောက်သွားပြီဆိုရင် ငါ–သူ မရှိသောကြောင့် မာနရော လာပါ့မလား၊ (မလာပါဘူးဘုရား ...)။ မလာရင် တဏှာရော လာလို့ရပါ့မလား၊ (မရပါဘူးဘုရား ...)။ ဒီလောက် သိလိုက်တယ်ဆိုရင် နိဗ္ဗာန်ပေါ်သွားပြီ၊ ရပြီလား။

**ပါရမီဓါတ်ခံအရေးကြီးပုံ**

ဒါဖြင့်၊ အရှင်ဘုရား လွယ်လှချည်လား၊ အခုပဲ ပေါ်တယ်ဆိုတော့ မြန်လှချည်လား လို့ အောက် မေ့မယ်နော်၊ တကယ်တော့ ဒါတွေသိလို့ရတာနော်။ ဒီအသိ ရတယ်ဆိုရင် ရပြီ။ ဒီအသိမရသေးရင်တော့ နိဗ္ဗာန်ပေါ်မှာ မဟုတ်ဘူးနော်။ အရှင်ဘုရား ... ဒီအသိဟာလည်း အရှင်ဘုရားပြောတော့ အလွယ်လေးပါလားလို့ အောက်မေ့မယ်၊ မလွယ်ဘူး၊

ဘုန်းဘုန်း ဒီပုံစံလေးနဲ့ ဒီအသိဟောနိုင်ဖို့ အချိန်အများကြီးပေးပြီး ကြိုးစားလေ့လာခဲ့ရတယ်၊ နောက်စာပေတွေလည်း လေ့လာခဲ့ရတယ်၊ အထူးသဖြင့် ရဟန္တာသမုတ်ခံ ရတဲ့ မထေရ်ကြီးတွေရဲ့ ဩဝါဒတွေကိုလည်း ခံယူရတယ်၊ အကုန်ညှိရတယ်၊ ဒီလိုညှိပြီး နှစ်ပေါင်းအကြာကြီး စုဆောင်းတော့မှ ဒီဟောစဉ်ကို ဖော်ထုတ် နိုင်တာပါ။

အခုဟောစဉ်လေးရဖို့အတွက် အလွယ်လေးရတာ မဟုတ်ပါဘူး။ အများကြီးရှာထားရတာ နားလည်ပြီနော်။ ဒီလိုနှစ်ပေါင်း အများကြီးစုထားခဲ့တာကို တစ်ထိုင်တည်း ပြန်ပြီးဖောက်သည်ချတာ ကြုံလေးနေကာမှတ်။

အာနန္ဒာမထေရ်လိုတော့ မပြောရဘူးနော်။ (အရှင်မြတ်က ခန္ဓာငါးပါးဆိုတာ သည် ဒါပဲဆိုတာကို သိသွားပြီတဲ့၊ ပြန်ရေကြည့်ကြ . . .။ ရုပ်၊ ဝေဒနာ သညာ၊ သင်္ခါရ၊ ဝိညာဏ် ပါနေတယ်နော်။ အဲဒါကို တဖက်ကကြည့်ပြန်တော့ ဝိညာဏ်ပါမနေဘူးလား။ ဒါက နာမ်၊ ဒါကရုပ်၊ နာမ်–ရုပ် ပါမနေဘူးလား၊ (ပါနေပါတယ်ဘုရား . . .)။ အာယတနဆိုတာ စိတ်–စေတသိက် ဖြစ်ခွင့် ရတဲ့အကြောင်း၊ အာရုံ–ဒွါရကို ပြောတာနော်။ ဒါလည်း ပါနေတယ်နော်။ အာယတနခြောက်ပါးကို ပြောတာနော်၊ ပေါင်းလောင်တော့ ဖဿရော ပါမနေဘူးလား၊ (ပါနေပါတယ်ဘုရား . . .)။ ဝေဒနာလည်း ပါတယ်နော်။

ဒါဖြင့် ဒါသည် နံပါတ် (၂) အကွက်ပေါ့၊ (တင်ပါ့ဘုရား . . .)။ ဒါက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တပေါင်းတည်းပါ တယ်၊ ရပြီနော်၊ အဲဒီလိုပါတာကို အမှန်အတိုင်း ပိုင်းခြားသိရင် ဒီက အ–ပြုတ်သွားတယ်။ ဝိဇ္ဇာအလင်း ဖြစ်သွားတယ်။ ဒီအလင်းဓါတ်နဲ့ (ဘုရားပေးတဲ့အလင်း) နဲ့ ကြည့်လိုက်တော့ ပုံသဏ္ဍာန်အရိပ်တွေဟာ အကောင်ဟုတ်ပါအုံးမလား၊ (မဟုတ်ပါဘူးဘုရား . . .)။ တံလျှပ်လို မြဲမလား၊ ပျောက်မလား၊ (ပျောက်ပါမယ်ဘုရား . . .)။ ဒီလိုပျောက်တော့ ဒိဋ္ဌိရှိသေး လား၊ (မရှိတော့ပါဘူးဘုရား . . .)။ မာနရော ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား . . .)။ တဏှာရော ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား . . .)။ ဒါဖြင့် အစပ်က ဖြတ်တာတော့ အမှန်ဘဲ၊

အဲဒါကို သိသွားလို့ အာနန္ဒာမထေရ်က ဘုရားကိုလျှောက်တယ်၊ အရှင်ဘုရား . . . အလွယ်လေးပါလားလို့ သွားလျှောက်တယ်၊ ပြောမိခဲ့ တယ်နော်။ ဘုရားက ဒီလိုမဆိုနဲ့ ဒီလိုမဆိုနဲ့တဲ့၊ **ငါဘုရားဟောတာကို သိဖို့အတွက် သင်ဟာ ကမ္ဘာတစ်သိန်းတောင်မှ ပါရမီဖြည့်ခဲ့ရတယ်တဲ့။** (အခုဟောတဲ့ ဟောစဉ်ကို ရှင်းရှင်းဉာဏ်မှီပြီးသွားတဲ့ ပုဂ္ဂိုလ်တွေလည်း

ပါလိမ့်မယ်။ ၅၀% ၆၀% ...အစရှိသဖြင့် ရာခိုင်နှုန်း အစားစားပါလိမ့်မယ်၊ လုံးဝမသိတဲ့ ပုဂ္ဂိုလ်လည်း ပါလိမ့်မယ်။ အကုန်လုံးမရနိုင်ဘူးနော်။)

ဘုန်းဘုန်းဟောတာကို သဘောပေါက်တဲ့သူရှိသလို သဘောမပေါက်တဲ့ သူတွေလည်းရှိတယ်။ ဘာကွာလည်းဆိုတော့ ရင်ထဲက အခံကွာတယ်၊ (အသွေးအသားမှာ သတ္တိအခံတွေ လိုတယ်နော်၊) အာနန္ဒာမထေရ်ကျတော့ ဒါနစတဲ့ ကုသိုလ်အစွမ်းတွေ ထည့်ထားတာ၊ အဲဒီ အားတွေကြောင့် ဘုရားဟောတာကို သဘောပေါက်တာတဲ့။ ဘုရားကအမိန့်ရှိတယ်၊ 'လွယ်တယ်ဆိုရင် တဏှာ အစပ် အပြီးဖြတ်လိုက်ပါလားတဲ့' တဏှာအစပ်အပြီး ဖြတ်တယ်ဆိုတာ ပေါ်ချင်တာပေါ်တော့ ပြတ်နေတာကို ပြောတာနော်။

ပြတ်တာက အကောင်အထည်မယူတော့တာကို ဆိုလိုတာ နားကကြားလည်း၊ မျက်စိဖွင့်လည်း၊ အကောင်မယူနဲ့တော့၊ အသက်ရှူလည်း အကောင်မယူနဲ့တော့ ... ပြတ်နေရမယ်။ လုံးဝပြတ်သွားတာကို **ပါဠိလို** အရဟာတ်လို့သုံးတယ်။ လေ့ကျင့်ခန်းအောင်သွားရင် တောက်လျှောက်ပြတ်သွားတယ်၊ ထိုင်ဆဲလည်း ပြတ်နေမယ်၊ ထိုင်ပြီး တစ်ယောက်ယောက်က ဆဲနေလည်း သူ – ငါ မပေါ်တော့ ပြတ်နေရမယ်၊ ရှုနေရမယ်။

အဲဒီ လေ့ကျင့်ခန်းကို အောင် – အောင် လေ့ကျင့်ရမယ်နော်၊ ဘုရားကအမိန့်ရှိတယ်၊ "သင်ဟာလွယ်တယ်ဆိုရင် ရဟန္တာ ဖြစ်ပါတော့လားတဲ့"။ ဒီတော့မှ အာနန္ဒာမထေရ် မာန်ကျတယ်တဲ့။ ချက်ချင်းတော့ မရနိုင်သေးဘူးနော်၊ 'နည်းတော့' သိသွားပြီနော်၊ မဟုတ်မှန်းသိရင် ပြတ်တာတော့ နည်း သိသွားပြီ။ ပြတ်တယ်ဆိုရင် ဆက်ခံစားစရာအကြောင်း ဘာမှ မရှိတော့ဘူးလေ၊ လွတ်ပြီမဟုတ်လား။

အခုနေသေသွားတဲ့ အမျိုးထဲက အင်မတန်ချစ်တဲ့ အမျိုးပုံကို ဖော်ကြည့်ပါ။ ဒီအခါ အရိပ်ကလေး မျက်လုံး မျက်ခုံးပုံ ပေါ်မလာဘူးလား၊

(ပေါ်လာပါတယ်ဘုရား ...)။ ပေါ်တာကို နောက်စိတ်က တံလျှပ်လိုသိပြီး ရှုနော်၊ မရှုရင် မေးတွေတင်းပြီး မျက်ရည်ကျ လိမ့်မယ်။ ဓါတ်လိုက်သလိုပဲ အင်မတန်မြန်တယ်။ တဏှာ၊ ဥပါဒါန်၊ ကံဆိုတာ သည် လျှပ်စစ်ဓာတ်လိုက် သလိုဘဲ အင်မတန်မြန်တယ်။ သဘောပေါက်ရဲ့လား၊ အမြင်မှားလိုက် တယ်ဆိုရင် တန်းထိတော့တာဘဲ၊ သဘောပေါက်ပြီလား။

ပေါ်တဲ့အရိပ်ကို မဟုတ်မှန်းသိလိုက်ရင် မျက်နှာရော အဲဒီအရိပ်ရော ပျောက်သွားတယ်။ နို့မဟုတ်ရင်တော့ မျက်ရည်ကျပြီ၊ သဘောပေါက်တယ် နော်။ သေသူရဲ့ လက်ရာ၊ ခြေရာလေးတွေ မြင်ပြီးတော့ ပုံတွေပေါ်ပြီး ဆက်တယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ နိုင်ပါအုံးမလား၊ မနိုင်မှာသေချာတယ်။ ဒီအဆက် မဖြတ်သေးဘူး၊ အရိပ်ကို အကောင်ထင်တာနဲ့ သွားတာပဲ။

ပေါ်တဲ့အရိပ်ကို တံလျှပ်လိုပါဘဲ ပေါ်ရင်း ပျောက်နေတယ်လို့ ဉာဏ်က စိုက်ပြီး သိလိုက်ရင် ပတ်ဝန်းကျင်ရော၊ ငါရော၊ ပျောက်နေတယ်။ အခု ပြတ်နေမှန်းတော့ သိပြီနော်။ ဒီလိုသိလိုက်တာကို လွယ်တယ် လို့ ပြောမှာလား၊ (မပြောပါဘူးဘုရား ...)။ အာနန္ဒာမထေရ်လိုတော့ လွယ်တယ်လို့ မပြောလိုက်နဲ့နော်။ အခုလို သဘောပေါက်အောင် ပါရမီရင့် ခဲ့လို့၊ စွမ်းအားကောင်းလို့ သဘောပေါက်ကြတာလို့မှတ်ပါ။

**ဉာဏ်အမြင် နက်ရှိုင်းပုံ အဆင့်ဆင့်**

သို့သော် အတိုင်းအတာအရ ရာခိုင်နှုန်း ပြည့်ချင်မှ ပြည့်မယ် နော်။ ဒီတရားကို အကြောင်း ညီညွတ်လို့ ဘုန်းဘုန်း မသေသေးဘူးဆိုရင်တော့ ဆက်ဟောအုံးမှာပဲ။ အခုတစ်ခါ တရားနာတာနဲ့ နောက်တစ်ခါ တရားနာတာ တူမှာမဟုတ်ဘူး၊ ပိုပြီးသဘောပေါက်လာလိမ့်မယ်၊ သိပ်အံ့သြစရာကောင်းတယ်နော်။

ဘုရားရဲ့ သာသနာ၊ ဘုရားရဲ့ အဆုံးအမတွေဟာ သမုဒ္ဒရာရေလို ပဲတဲ့။ အရသာကတော့ ကမ်းစပ်မှာလည်း အငန်ဓာတ်ရှိတယ်၊ ရေလယ်မှာလည်း ဒီအတိုင်းပဲ။ သို့သော် အနက်ချင်းတော့ မတူဘူး၊ သဘောပေါက်ရဲ့လား။ တဏှာအစပ်ပြတ်တာတော့ အတူတူပဲနော်၊ နိဗ္ဗာန်ပဲနော်။ သို့သော် နက်ရှိုင်းပုံချင်းတော့ မတူဘူး၊ နှစ်ကြာလေ ပိုနက်ရှိုင်းလေဘဲနော်၊ သဘောပေါက်ရဲ့လား။

သို့သော် ဒီအသိလေးကိုတော့ လွယ်တယ်လို့ သွားမပြောလိုက်နဲ့။ လွယ်တယ်ဆိုရင် ဘုရားရှင်မေးတဲ့အတိုင်းဘဲ မေးရလိမ့်မယ်။ "ပြတ်ပါ တော့လား၊ ချက်ချင်းရဟန္တာပါတော့လား" လို့ မေးရလိမ့်မယ်။ ***အပြီးပြတ်သွားတယ်ဆိုရင် အရဟန္တာလို့ ခေါ်တယ်လေ၊** သဘောပေါက်တယ်နော်။ ဖြတ်နိုင်ပြီလား၊ မရသေးဘူး၊ မေ့ပြီးပါ– ပါသွားအုံးမှာဘဲနော်။

သို့သော် ဒါလောက်သိတယ်ဆိုရင်ဘဲ ဝမ်းသာရလိမ့်မယ်။ ဒီလောက်သိတယ်ဆိုရင်ဘဲ ဘုရားရှင်က အမိန့်ရှိတယ်။ စူဠသောတာပန်ဉာဏ်လို့ ခေါ်တယ်။ လူကိုပေးတာ မဟုတ်ဘူးနော်၊ ဉာဏ်ကိုပေးတာတဲ့ အမည်နော်၊ ဘာကြောင့်လည်းဆိုတော့ သောတာ ...ဆိုတာ... နိဗ္ဗာန်ရေအလျင်လို့ ပြောတာတဲ့။ နဂိုရှိပြီးသားလမ်းကြောင်းကြီးနော်။ နဂိုသဘာဝသည် ပေါ်သမျှပျောက် ပြတာဘဲရှိတယ်။ အထည်သတ္တဝါမဟုတ်ဘူး၊ တံလျှပ်လိုဘဲ ပျောက်ပြတာ ဘဲရှိတယ်။ အဲဒီရေအလျင်ကို အမြင်များ အထင်များတွေကို ဖယ်လိုက်တဲ့ (ပညာအလင်းနဲ့) ပ ဋ္ဌိ ဆိုတာ **ဉာဏ်နဲ့ထိတွေ့သွားပြီ၊ ဆိုက်တွေ့သွားပြီ၊** ရတော့ ရသွားပြီနော်။

အခုနေ မျက်စိမှိတ်ပြီး ကိုယ့်အိမ်တွေ၊ ကိုယ့်ကိုယ်လုံးတွေကို ဖော်ကြည့်လိုပါအုံး၊ မဟုတ်မှန်းသိလိုက်ရင် ဉာဏ်နဲ့ထိတွေ့ပြီး ပျောက်သွား

---

* စက်ဝိုင်းဒေသနာ (၂) နှင့် (၃) အကွက် ဝေဒနာ-တဏှာအစပ်ကို ထောက်ပြ၍ ရှင်းခြင်း။
(အရဟတ် = ဖြတ်ခြင်း၊ ပြတ်ခြင်း)

တယ်နော်။ တံလျှပ်လို သိလိုက်ရင် ပျောက်သွားတယ်။ **ဒီလောက် သိဖို့တောင် လွယ်တာမှမဟုတ်တာ၊ ပါရမီဉာဏ်ပါလို့သာ သိရတာလို့ မှတ်ပါ။ တလောကလုံး သိမ်းလိုက်လည်းရတယ်၊** မျက်စိလေးမှိတ်ပြီး တလောကလုံး **ခြုံကြည့်**လိုက်၊ **ကိုယ့်မျက်နှာ**ကအစ အကုန်လုံးခြုံကြည့်လိုက်၊ **ပေါ်တာ မြင်ကွင်းတစ်ခုတည်းပဲ ရှိမှာပေါ်**တာမဟုတ်လား။ ပေါ်တာကို တံလျှပ်လိုဘဲလို့ သိလိုက်**တယ်ဆိုရင်ဘဲ** မြဲ**မလား** ပျောက်မလား ... မမြဲဘူး ပျောက်သွား တယ်နော်။ **အဲဒီ့အခါဆို တဏှာ**လာပါ့မလား ... ရတော့ ရနေပြီနော်။ **သဘော**ပေါက်တယ်နော်။ **သို့သော်** အားနည်းတယ်။

**ဝိပဿနာ**ဉာဏ်တော့ ရပြီ၊ လောကီမဂ်ဉာဏ်တော့ရပြီ။ **လောကီ မဂ်ဉာဏ်လို့ ခေါ်တယ်တဲ့၊** ဒီက စရမှာနော်။ ဒီအချိန်မှာ နိဗ္ဗာန်လို့ရော ဆုံးဖြတ်ချက် မကျနိုင်ဘူးလား။ **ရဲရဲ ဆုံးဖြတ်ချက်ချလိုက်ပါ။** အဲဒီလို မြင်တဲ့အခိုက်မှာ တဏှာမလာသောကြောင့် နိဗ္ဗာန်ပေါ်သွားပြီ၊ မြင်တာ သည် နိဗ္ဗာန်မြင်တာတော့ မဟုတ်ဘူးနော်၊ ခန္ဓာချုပ်တာကို မြင်လိုက် **တာ။** ဒီခန္ဓာအပေါင်းအစုရဲ့ သဘောကြောင့် **အာရုံသိလိုက်တဲ့အခါ** ပျောက်သွားတာနော်။ ပျောက်သွားတာသည် ခန္ဓာချုပ်တာ၊ ဘဝတစ်ခုလုံး ချုပ်လိုက်တာ၊ ပြန်မလာတော့ဘူး။ ရုပ်–နာမ်ပေါင်းလောင်းတဲ့ သဘော တရားဟာ ပြန်လာပါ့မလား၊ ပြန်မလာတော့ဘူးနော်၊ မလာတာကို နိရောဓ ခေါ်တယ်။

### အရှုခံခန္ဓာ(ဘဝ)ကို ကာလနှင့်ယှဉ်၍ရှုမှတ်ရန် အရေးကြီးပုံ

ကာလနဲ့ ဖြစ်ရအောင် နော်။ ခုနက တရားပွဲ စခါစက သိလယူခဲ့တဲ့ ကြားသိစိတ်၊ ခံစားမှုအရိပ်တွေဟာ၊ ပြန်လိုချင်ရင် ရပါ့မလား၊ (မရတော့ပါဘုရား ...)။ ဟုတ်တယ်၊ ရုပ်တွေ၊ စိတ်တွေဟာ

မျက်တောင်တခတ်မှာ စိတ်က ကုဋေပေါင်း တစ်သိန်းကျော်နှုန်း၊ ရုပ်က ငါးထောင်ကျော်နှုန်း ပေါင်းလောင်သွားပြီး ပြန်မလာတော့ဘူး။ (အသစ် ... အသစ်) ပဲလာမယ်၊ မဟောင်းမလာတော့ဘူး၊ သဘောပေါက်ပြီလား။ ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူးနော်။ ဒါကို နိရောဓလို့ ခေါ်တယ်၊ သဘောပေါက်တယ်နော်။ အသက်တစ်ခါ ရှူမယ်နော်။ ရှူဆဲကာလ ပေါ်သမျှဟာ ထုတ်ဆဲ ကာလမှာ ပြန်ပါ ပါ့မလား၊ (မပါပါဘူးဘုရား ...)။ ရှင်းရှင်းလေးဟာကို ဒီအတိုင်းသွားကြနော်၊ အိမ်ရောက်ရင် ဆက်ကျင့်ကြနော်။

တစ်ခါထုတ်ဆဲကာလမှာ ပေါ်တဲ့အရိပ်၊ အမူအရာတွေဟာ ပြန်ရှူရင် ပါပါ့မလား၊ (မပါပါဘူးဘုရား ...)။ ကျန်ခဲ့ပြီ မရှိဘူးလို့ သိရမယ်။ ဘဝ တစ်ခုလုံးသေတာနော်။ တစ်ခါပြန်ရှူမယ်၊ (ထိရင်း ထိရင်း) နဲ့ ရုပ်–နာမ် ပေါင်းလောင်ပြီးတော့ ချုပ်ငြိမ်းသွားပြန်တယ်။ ပြန်လာပါ့မလား၊ (မလာပါဘူး ဘုရား ...)။ အဲဒီအတိုင်းသွားကြနော်၊ ဘာနဲ့ဖြတ်လည်းဆိုတော့ ကာလနဲ့ ဖြတ်ရတယ်၊ နားလည်ပြီနော်။ နေရာနဲ့ မသွားနဲ့၊ အချိန်ကာလနဲ့သွားပါ။ နေရာနဲ့ မလိုက်နဲ့၊ အချိန်နဲ့သွားပါ။ အပေါင်းအားဖြင့် နေရာနဲ့ မလိုက်ရဘူး နော်။ အပေါင်းအားဖြင့် ပေါ်သမျှသည် အချိန်နဲ့ ယှဉ်သွားရမယ်။

ဒီစကားကို ဘုန်းဘုန်းက ကျမ်းဂန်အလွတ်ပြောတာ မဟုတ်ဘူး၊ ဘုရားဟောအတိုင်းပြောတာပါ။ နတ်တွေကြိုက်လွန်းလို့ (၄) ကြိမ်ကျအောင် ဘုရားဟောရတဲ့ တရားရှိတယ်။ ဥပရိပဏ္ဏာသမှာ ရှိတယ်။

*"ဘဒ္ဒေကကရတ္တသုတ်" လို့ခေါ်တယ်။ (၄) ခါတောင် ဘုရားက ဟောရတယ်။ "အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂါတ်ခန္ဓာ ကိုလည်း မတောင့်တရာ။

အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂါတ်ခန္ဓာလည်း ရောက်မလာ

---

* ဘဒ္ဒ + ဧကရတ္တ၊ ဘဒ္ဒ - ကောင်းသော(ဝိပဿနာရှုမှတ်နေမှုကြောင့်)၊ ဧကရတ္တ-ညဉ့်တညဉ့်

သေး၊ ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသောပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော ထိုဝိပဿနာ ရှုမှုကို အဖန်ဖန် ပွားများရာ၏။

ဘယ်သူသည် နက်ဖန်၌သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုအလုပ်ကို ပြုလုပ်သင့်၏။ ငါတို့မှာ များသောစစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည် သာတည်း။

ဤသို့ နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ည၌ပတ်လုံး မပျင်းမရိ အားထုတ်သော ထိုရဟန်းကို စင်စင် ''ကောင်းသောညဉ့် တညဉ့်ရှိသောရဟန်း'' ဟူ၍ ကိလေသာငြိမ်းအေးပြီးသော မြတ်စွာဘုရား သည် ဟောကြားတော်မူ၏'' တဲ့။

ဒါက တရားတော်မူရင်းလို့ မှတ်ကြပါ။ အကျဉ်း 'ဥဒ္ဒေသ' လို့လည်း ခေါ်ပါတယ်။ ဝိပဿနာရှုတယ်ဆိုတာကလည်း ... ''ဝိပဿနာ = ပညတ္တိံ ထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ'' ပညတ်ကို ပယ်ခွာ၍ ပရမတ္ထအရှိကို ပညာနဲ့သိမြင်တာ ဝိပဿနာလို့ ဆရာတို့ ဆုံးမထားကြပါ တယ်။ ပညာနဲ့ (ပညာဦးစီးသောစိတ်ဖြင့်) သိမြင်တာ ဝိပဿနာ။ **အတိတ်ခန္ဓာကို အစဉ်မလိုက်ရဘူး တဲ့** ... အာရုံသိသဘောကို ခန္ဓာလို့ ပြောတာနော်။ **သူဟာ ချုပ်ပြီးပြီတဲ့** မရှိတော့ဘူးတဲ့။ စဉ်းစား၊ အခုပြောရင်းနဲ့ဘဲ မကြားလိုက်ဘူးလား၊ (ကြားလိုက်ပါတယ်ဘုရား ...)။ မနော မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား ...)။ ပုံရိပ်တွေဟာ မရှိတော့ ဘူးနော်၊ ပြန်တွေးလို့ရော ရမလားလို့ စဉ်းစား၊ တွေးလို့ရမှာလား ရှာရအောင်။ သမုဒိသစ္စာအားဖြင့် ရတယ်လို့ ပြောမယ်ထား၊ ပရတ္တသစ္စာကို ပြောရအောင် နော်၊ ပြန်တွေးမယ်။ တရားပွဲစခါစက သီလယူခဲ့တာကို ပြန်တွေးမယ်။ အမူအရာတွေ ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား ...)။ ဒီလို

ပေါ်တာသည် ဟိုအချိန်က ရုပ်–နာမ်က ပြန်လာပေါ်တာလား၊ အသစ်ပေါ်တာလား၊ (အသစ်ပေါ်လာတာပါဘုရား ...)။ တွေးလို့ရတယ်နော်။ အတိတ်ရုပ်–နာမ်က ပြန်လာပါ့မလား၊ (မလာပါဘုရား ...)။ သဘောပေါက်ပြီလား။

အတိတ် ရုပ်–နာမ်က ပြန်လာပါ့မလား။ အတိတ်ကို တွေးလို့ကို မရတာဘဲနော်။ အထင်မှားကြောင့် အတိတ်ထင်တာ၊ စောစောက ပြောသလိုဘဲ အထင်မှားကြောင့် အတိတ်ထင်တာ၊ စောစောက ပြောသလိုဘဲ တံလျှပ်ကို ရေမှတ်ထင်တာလိုပေါ့၊ အတိတ်ထင်တာက ဟုတ်မှ မဟုတ်တာဘဲ။ အခုတွေးလို့ အခုပေါ်တာကို အတိတ်လို့ ထင်နေကြတာ။

အနာဂတ် **ခန္ဓာကို မတောင့်တရဘူးတဲ့၊ ပေါ်မလာသေးလို့တဲ့၊** အာရုံ–ဒွါရ မတိုက်သေးလို့၊ ပေါ်လို့မရသေးဘူး၊ ဟုတ်မဟုတ် စဉ်းစား၊ ခုနေပြောမယ်။ တရားပွဲပြီးရင် အိမ်ပြန်မယ်လို့ တွေးလိုက်တယ်ဆိုရင်ဘဲ အမူအရာတွေ ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား...)။ ပေါ်လာတာသည် တရားပွဲပြီးမှ ပေါ်မယ့်၊ ရုပ်–နာမ်လား၊ အခုပေါ်တာလား၊ (အခုပေါ်လာတာပါဘုရား...)။ အခုတွေးလို့ အခုပေါင်းလောင်တာ အနာဂါတ်ဟုတ်ပါ့မလား၊ (မဟုတ်ပါဘုရား..)။ အနာဂါတ်တွေးလို့ မရဘူးလေ..၊ တကယ့်တရား နယ်ပယ်မှာ၊ ပရမတ္ထ နယ်ပယ်မှာ၊ အနာဂါတ်ဆိုတာမှ မရှိတာဘဲ၊ အနာဂါတ်ခန္ဓာဆိုတာမရှိဘူး။ ကာလဆိုတာသည် ပရမတ္ထတရားမဟုတ် ပညတ်တရားဖြစ်နေတယ်။ တကယ်မရှိတဲ့တရား **ကာလဆိုတာ တကယ်မရှိဘူး။ တကယ်ဖြစ်နေတာက အာရုံသိ–သဘောတရားက ဖြစ်နေတာ၊ စိတ်၊ စေတသိတ်၊ ရုပ်တွေနဲ့ တကယ်ဖြစ်နေတာ။** ဒီတော့ အဲ့ဒီ သိ–သဘောတရားကို ကာလအထင်မှားသတ်မှတ်တာ၊ ကာလသည် တကယ်ရှိတာ မဟုတ်ဘူး၊ လောကနယ်ပယ်မှာသုံးပါ၊ အလုပ်ခွင်မှာ မသုံးပါနဲ့။ အလုပ်ခွင်က သိသဘောကို လောကထဲမှာ သွားမသုံးနဲ့၊ မနက်ဖန် မရှိဘူးဆိုတာမျိုး သွားမလုပ်ပါနဲ့၊ မနေ့က အကြောင်း လာမပြောနဲ့လို့ မလုပ်ပါနဲ့။

**သတိပြုစရာသစ္စာနှစ်မျိုး** လောကမှာကျတော့ လောကမှာ အတိုင်းသုံး၊ အလုပ်ခွင်ကျတော့ ဒီဘက်ဟာကို ယူမလာပါနဲ့၊ ဒီဘက် ပရမတ္ထနယ်က ဟာကို ဟိုဘက်သွား နယ်မကျော်နဲ့၊ ဟိုဘက်ကဟာလည်း အစူးနာပြီး ခွာမရအောင် မဖြစ်နဲ့။ သမုဒိသစ္စာဆိုတာ တကယ်မရှိတာကို သမုတ်တာနော်၊ လောကမှာ သုံးရမှာ။ ရှေးဆရာများရဲ့ ဆုံးမစာမှာ **"သမုဒိသစ္စာ ကိုလည်း အစူးမနာပါစေနဲ့ ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေ နဲ့တဲ့..."** အစူးနာနေရင် ပြီးခဲ့တာကို မပြီးနိုင်ဘူး ရှိတယ် ထင်တယ်၊ မရှိတာကို ရှိတယ်ထင်ရင် တရားဟာ ပေါက်ပါ့မလား၊ (မပေါက်ပါဘုရား...)။ ရှုထုတ်နေတဲ့အချိန် တောက်လျှောက် အတန်းလိုက် တွေ့နေရင် ဘယ်တော့မှ ခန္ဓာချုပ်တာ မတွေ့ဘူး၊ ကာလမလွတ်ဘူး ကာလပညတ်ကို လွတ်အောင်မရှုနိုင်ရင် မရဘူး။

**ကာလသုံးပါးလွတ်မှနိဗ္ဗာန်** ကျောင်းမှာ အဖွားအိုတစ်ယောက် ကိုယ်မှာရှုတဲ့အိမ်သည် စိတ်ကို သင်တော့ သူက မမှီလိုက်ဘူး၊ နားနဲ့ ပတ်သက်ပြီး သင်တာတော့ ကောင်းကောင်းနားလည်တယ်နော်၊ **"ဘုန်းဘုန်းဘုရား အိမ်ပြန်သွားတော့ ကျန်တဲ့အသံတွေ** အကုန်ရတယ်ဘုရား၊ **ပုရစ်အော် တာကျတော့ ဖြတ်မရတော့ဘူး"** တဲ့။ (ပုရစ်က တောက်လျှောက် အော်တဲ့အခါကျတော့ ဖြတ်လို့မရ**တော့ဘူး**၊) ကျောင်းလာလျှောက်တယ်၊ ပြန်သင်ပေးရတယ်။ **မရပ်နားပေါ်တဲ့ ခန္ဓာကျတော့ ကာလနဲ့ဖြတ်ရ တာကိုး**၊ ဘုရားဟောအတိုင်းပေါ့၊ **အတိတ်ကို အစဉ်မလိုက်နဲ့ အနာဂါတ် ကို မတောင့်တနဲ့ ပစ္စုပ္ပန်မတင်နဲ့** ဒီလိုသွားရမှာနော်။ ကာလနဲ့ ဖြတ်မှ ရမယ်။

ကိုယ်မှာကျတော့ မရပ်မနားပေါ်တယ်၊ **အသက်ရှုလည်း သိမနေဘူးလား၊ ထုတ်လည်း သိတယ်၊ ငြိမ်နေလည်း သိနေတယ်၊ မရပ်မနား ပေါ်နေတယ်၊ ပုရစ်အော်တာလိုဘဲ မရပ်မနားပေါ်နေတယ် နော်။ အဲဒါကို ချုပ်ငြိမ်းတာ တွေ့ရင် နိဗ္ဗာန်မြင်ပြီး တဏှာလုံးဝ မလာတော့ဘူး၊** သဘောပေါက်ရဲ့လား။ အဲဒါကို ကာလနဲ့ဖြတ်ရမယ်နော်။ ဒီတော့ အတိတ်ခန္ဓာ အစဉ် မလိုက်ပါနဲ့၊ အနာဂါတ် မတောင့်တရဘူး။ ပေါ်ဆဲမှာ ပညတ်အထည်ခွာရမယ်။ သတိထားရမှာက ရှုနေဆဲမှာ ဘုရားက – ဥပမာပေးသေးတယ်နော်။

**ရေပြင်ညီမှာ အရုပ်ရေးသလို ဖြစ်ရမယ်** တဲ့၊ အာနာပါန သတိထိုင်ပြီး ရှုတော့မယ်ဆိုရင် ရေပြင်ညီမှာ အရုပ်ရေးသလိုတဲ့နော်။ ရေမှာ ရေးကြည့်လေ ရှေ့မှာ အရုပ်ထင်ပါ့မလား၊ (မထင်ပါဘုရား . . . .)။ နောက်မှာ ရော ဒီအတိုင်းပဲနော်။ ထိရင်း ပျောက်မနေဘူးလား၊ အဲဒါလို ရှုရမှာလေ၊ ရှုနေဆဲ အချိန်မှာဘဲ နောက်မှာကျန်ခဲ့ပါ့မလား၊ ( မကျန်ပါဘုရား . . . )။ ရှေ့မှာရော ရှိပါ့မလား၊ (မရှိပါဘုရား . . . )။

သိ – သဘောတရားလေးကို ပြောပြာနော်၊ ကာလနဲ့ပိုင်းနိုင်းတာ အပေါင်းအားဖြင့် ခံစားမှုအားလုံးဟာ ရှုနေဆဲမှာဘဲ ထိုအချိန်မှာဘဲ မြဲမလား၊ ပျောက်မလား၊ (ပျောက်ပါတယ်ဘုရား . . . )။ ပြန်လာပါ့မလား၊ (ပြန်မလာပါဘုရား . . . )။ အနာဂါတ်မထိရင် သိလို့ရပါ့မလား၊ နောက်မှာရော ရှိပါ့မလား၊ ပေါ်ရင်းလည်း **ဖွားသေဖြစ်နေတာကြောင့် ကိုယ့်အသေ ကိုယ်မြင်သွားပြီး ဘဝတစ်ခု လုံး အသေနော်၊** ဒါဆိုရင် လွတ်ပြီ၊ **ကျမ်းအရ ကြည့်လိုက်တော့ ''နိဗ္ဗာန်ဆိုတာသည် ကာလ (၃) ပါးမှလွတ်၏''** တဲ့။

အနာဂါတ်လည်းမဟုတ်၊ အတိတ်လည်းမဟုတ်၊ ပစ္စုပ္ပန်လည်းမတင်၊ ကာလလွတ်တယ်၊ ကာလလွတ်ပြီး ခန္ဓာချုပ်တယ်ဆိုတော့ ( အာရုံ

သိသဘောတွေ ချုပ်တာကို ဆိုတာမှတ်ပါ ) ဒီတော့ အာရုံကိုချုပ်စပ်တဲ့ တဏှာ ဆက်စရာမရှိတော့ဘူး၊ အဲဒါမှ အမှန်ဖြစ်လိမ့်မယ် လိုက်နိုင်ကြရဲ့လား၊ သဘောပေါက်ကြရဲ့လား၊ တရားရဲ့အဆုံးဟာ ဒါဘဲနော်။ လိုက်နိုင်ကြရဲ့လား၊ ဉာဏ်ပါးတဲ့ ပုဂ္ဂိုလ်လည်း ပါကောင်းပါမယ်နော်။

ဘုန်းဘုန်းတို့ မှတ်ရမှာက ဘုရား ဉာဏ်တော် ကျက်စားရာ ပြနိုင်ခဲ့သောအရာဆိုတာ ဒါဘဲနော်။ **အာရုံ ဒွါရတိုက်တဲ့အချိန် ပေါ်တဲ့ သိ သဘောတရားဟာ အထည်မဟုတ်ကြောင်း** ဆုံးဖြတ်ရမှာနော်၊ **ဘယ်ဒွါရတိုက်တိုက် မနောမှာ လမ်းဆုံးဘဲ ကာလမခြား မနောမှာ လာတာကို** မိအောင်ဖမ်းရမှာ။

**ပေါဋ္ဌိလမထေရ်အကြောင်း**

ပေါဋ္ဌိလမထေရ်ကြီး စာတတ်ပုဂ္ဂိုလ်ကြီးကို ရဟန္တာကိုရင်လေးဆုံးမတာ မာန်ကျိုးအောင် ဆုံးမပြီးတော့ အရှင်ဘုရားလည်း မှတ်သားဘဲတဲ့။ ဘုရားတပည့်တော် ဥပမာပြောမယ်တဲ့၊ တောင်ပို့တစ်ခု ရှိတယ်ဆိုပါတော့၊ တံခါးက (၆)ခု ရှိတယ်တဲ့၊ အဲဒီတောင်ပို့ထဲကို ဖွတ်တစ်ကောင် ဝင်သွားလိမ့်မယ် ဘုရားတဲ့၊ အဲဒီဖွတ်ကို ဘယ်လိုဖမ်းမလဲတဲ့၊ တံခါး (၅)ပေါက်ကို ပိတ်လိုက်ရတယ်၊ နံပါတ် (၆) တံခါးက ထွက်လာရင် ဖမ်းပေါ့တဲ့။ **ပေါဋ္ဌိလမထေရ်ကြီးက သဘောပေါက်ပြီး ရှုမှတ်တော့ မကြာခင် ရဟန္တာဖြစ်သွားခဲ့တယ်။ (ဓမ္မပဒမှာပါတယ်)** မနောတံခါးဟာ အဓိကပဲနော်။

ဒီတော့ အသက်ရှူနေဆဲမှာ လှုပ်တာနဲ့ တစ်ပြိုင်နက် အမူအရာပေါ်မနေဘူးလား၊ (ပေါ်ပါတယ်ဘုရား . . . )။ ပေါ်တဲ့အမူအရာသည် တံလျှပ်လို မြဲပြမလား၊ ပျောက်ပြမလား၊ (ပျောက်ပါတယ်ဘုရား . . . )။ အထည်ပါ – ပါ့မလား၊ ( မပါပါဘုရား . . . )။ စကားပြောပါ့မလား၊

(မပြောပါဘုရား. . .)။ ဒါဖြင့် ဝစီပညတ် မလာဘူး၊ ပုံသဏ္ဍာန်ပညတ်မရှိဘူး၊ အထည်ပညတ် မရှိသောကြောင့် ပျောက်ပြတာ အမှန်ဘဲ၊ **ကာလပညတ် အခက်ဆုံးနော်၊** ရှုနေဆဲကာလမှာ ဖြစ်ပျက်သမျှသည် ထိုကာလနဲ့အတူ ပြီးဆုံးသွားပြီ ဘယ်တော့မှ ပြန်မလာတော့ဘူး၊ ရှေ့မှာလည်း ကြိုမရှိ၊ နောက်မှာလည်း မကျန်ခဲ့ **ထိရင်းပျောက်တာ ဖွား သေနော်၊** ဒီတော့ လွတ်မသွားဘူးလား၊ (လွတ်သွားပါတယ်ဘုရား. . .)။ ဒါဆိုရင်**တည့်ပြီ၊** အဲဒီအတိုင်းရှုရင် အမူအရာတိုင်းကို ရှုလို့ရနေမယ်၊ ထိုင်မှ မဟုတ်ဘူးနော်၊ အခုလိုနေရင်းလည်း ရှုလို့ရတယ်။ လျှောက်ရင်းရော၊ (ရပါတယ်ဘုရား. . .)၊

အပေါင်းအားဖြင့် လမ်းလျှောက်တဲ့ အမူအရာအားလုံးလည်း အပေါင်းအားဖြင့် အချိန်နဲ့ပိုင်းတယ်လေ၊ **နေရာနဲ့ မလိုက်နဲ့နော်၊ နေရာနဲ့လိုက်တယ်ဆိုတာ ပုံသဏ္ဍာန် ပညတ်ရှိမှ နေရာနဲ့လိုက်လို့ရတာ။** ဗိုက်တွေ ခါးတွေဆိုတဲ့ ပုံသဏ္ဍာန်ပညတ်ပေါ်မှ နေရာပေါ်တာ၊ နေရာနဲ့မလိုက်ရဘူး၊ **ဘုရားက ကာလနဲ့ဟောထားတာ၊ ဘုရား အဲဒီတ**ရားကို (၄) ခါ**တောင် ဟောရတယ်လေ၊** တစ်ခါဟောတယ်၊ နတ်တွေတချို့နာရတယ်၊ တချို့ မနာရဘူး၊ ဒီတော့ နတ်ပြည်မှာ အုတ်အုတ်ကျွက်ကျွက်ဖြစ်တယ်။ ဒီတရားက ကောင်းလွန်းလို့ နတ်မျက်လုံးဆိုတော့ ပိုအားရှိတာပေါ့နော်၊ ဒါနဲ့ ရဟန်းတစ်ပါးကို ချဉ်းကပ်တယ်၊ အရှင်ဘုရား. နာပြီးပြီလား၊ မနာရသေးဘူးပေါ့။ တောင်းပါအုံးဘုရား ဆိုပြီးပြောတယ်။ တရားတောင်းပြီဆိုရင် အုတ်အုတ် ကျွက်ကျွက် တရားလာနာကြတယ်နော်။

တစ်ခါ နတ်ပြည်မှာ ပြန်သွားပြန်ရင်း ကိုယ်တိုင်နာချင်တဲ့ နတ်တစ်ပါးကလည်း ရဟန်းတစ်ပါးဆီ ချဉ်းကပ်ပြီး တောင်းခိုင်းတယ်။ နာမည်ကြီး တရားနော်၊ အလုပ်နဲ့အကိုက်ပဲ၊ **နေရာနဲ့မလိုက်ရဘူးနော်၊** မှတ်ထားပါ-**ပုံသဏ္ဍာန်နေရာနဲ့ မလိုက်ရဘူး** ဝိပဿနာဆိုတာ ရှေးဆရာများ ရေးထား ပြီးသားလေ၊ ဝိပဿနာရဲ့သဘောကို ဖွင့်ဆိုထားတာက "ပညတ္တိ

**ထပေတွာ ဝိသေသန ပဿတိတိ ဝိပဿနာ**'' တဲ့ ပညတ်**အားလုံးကို တပေတွာ ဆိုတာ** ခွာရမှာ၊ ပြီးမှ ဝိသေသေန ပဿတီတိ ဝိပဿနာတဲ့၊ ပညတ်အားလုံး ဖယ်ခွာပြီးတော့ အရှိကို အရှိအတိုင်း ''ပရမတ္ထတရားအရှိက'' ''**စိတ်၊ စေတသိတ်**၊ ရုပ်တွေ'' မဟုတ်လား။

အာရုံသိဆိုတာ ပြန်ပေါင်းလိုက်။ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ် ပေါင်းထားတာမဟုတ်လား၊ ပရမတ္ထက ဒါဘဲ မဟုတ်လားလို့ သူက ပေါ်ပြီးရင် မြဲပြမလား၊ ပျောက်ပြမလား၊ (ပျောက်ပါ့ဘုရား ◦ ◦)။ နောက်စိတ်အစဉ် ပညာအလင်း ပညာစေတသိတ် ဦးဆောင်ပြီး ကြည့်လိုက်မယ်ဆိုရင် ပျောက်ပြရင် နိဗ္ဗာန်ပေါ်သွားတာနော် တဏှာမှ မလာတော့တာ၊ ဒါဟာ တကယ့်အရှိ နိဗ္ဗာန်ဆိုတာ သီးခြားမဟုတ်ဘူး၊ တကယ့်အရှိတရား ပရမတ္ထတရား ရှိပြီးသားတရား အမြင်မှားတွေကြောင့် မမြင်တာ၊ နားလည်ပြီနော်။ ခန္ဓာချုပ်သွားရင် တဏှာမလာတာကိုပြောတာ၊ ခန္ဓာချုပ်တာ မြင်တယ်ဆိုတာ **အာရုံသိချုပ်သွားတာဘဲပေါ့**။ အာရုံက အထည်မှ မဟုတ်ဘဲ ချုပ်ငြိမ်းသွားတာတွေ့တော့ အာရုံမှာ ကပ်လို့ ရပါအုံးမလား၊ အဲဒါဆို တဏှာမလာဘူး၊ ဒါကြောင့် နိဗ္ဗာန်လို့ပြောတာ နားလည်ပြီနော်။ **ဒါဖြင့် ပရမတ္ထတရားလေးပါးဟာဖြင့် တကယ့်အရှိတရားလို့ သိထားနော်၊ အာရုံ အသိက-စိတ်+စေတသိတ်+ ရုပ်၃သိ သဘောတရား ချုပ်ငြိမ်းတာ မြင်တာက နိဗ္ဗာန် ( ဘာ၊ တကယ်ရှိပြီးသားတရားကို ပြောတာနော်**၊ နားလည်ပြီလား။

ဒီ၊ ၃ ပညာတ်**တွေ**ဖယ်**လိုက်**၊ ပေါ်တဲ့အာရုံတွေအပေါ် ပညတ်အားဖြင့် စုလိုက်ရင် (၃) **မျိုးဘဲရမယ်ခနော်**။ ပညတ်**တွေက** အများကြီးထဲက လိုရင်းကို ချုံ့ရင် (၃) မျိုးဘဲရမယ်။

( ၁ ) **ဝစီပညတ်** စကားပြောသလားလို့ ပြန်ရှာနော်၊ မျက်စိမှတ်ပြီး နှာခေါင်းပုံ၊ အိမ်ပုံ၊ အကုန်ဖော် အရိပ်တွေဟာ ကျွန်တော် ခေါင်းပါ၊ အိမ်ပါလို့ ပြောရဲ့လား၊ (မပြောပါဘုရား ◦ ◦)။ ဝစီပညတ်မရှိဘူးနော်၊

သူ့အရိုက စိတ်–စေတသိတ်တွေဟာ စကားမပြောဘူးနော်၊ ပြီးရင် ရုပ်ပါလို့ ရော ပြောရဲ့လား။ (မပြောပါဘုရား. . )။ ဝေဒနာလို့ရော ပြောရဲ့လား၊ မြင်ရမှာ တံလျှပ်လို၊ ရေမြှုပ်လို မြင်နေရမှာဘဲရှိတယ်၊ စကားမပြောဘူးနော်၊ ဒီလိုဘဲ ရှုရမှာနော်။

( ၂ ) **ပုံသဏ္ဍာန်ပညတ်** အထည် ရော ရှိ ပါ့ မ လား၊ (မရှိပါဘုရား. . )။ ဟုတ်တယ်၊ အထည်ပညတ်မရှိဘူး၊ တံလျှပ်လိုဘဲ ဆိုမှတော့ အထည်ပညတ် လာပါ့မလား၊ ပျောက်ပြီနော်။

နောက်ဆုံး အခက်ဆုံးက –

( ၃ ) **ကာလပညတ်** တကယ်မရှိတာနော်၊ အဲဒါ အခက်ဆုံးဘဲ၊ သူပြတ်ရင်ရပြီ။ ဘုန်းဘုန်းတို့တတွေဟာ ဒီကာလမှာ ခံနေရတာနော်၊ အခု သတ္တဝါအထည် မဟုတ်ကြောင်းကိုတော့ ရိပ်မိပြီနော်။ ဒါပေမယ့် ကာလ မပြတ်သေးတာတော့ သေချာတယ်။ ရှိနေသေးတယ်တဲ့၊ သိမ်မွေ့တဲ့ ငါ–ယောင်ယောင် ရှိသေးတယ်လို့ ခေါ်တယ်နော်၊ အခုနေ ထိုင်ရင်းနဲ့ ပြန်ရှာကြည့်မယ်နော်၊ မျက်စိခဏမှိတ်လိုက်ပါ၊ ဒီလိုမျက်စိမှိတ် ထားတော့ မကြည့်ဘဲနဲ့ ပေါ်နေတဲ့ မျက်နှာအမူအရာကို ပြန်ရှာကြမယ်နော်၊ လုပ်ကြည့်ပါ၊ မခက်ပါဘူး၊ တစ်ခါလုပ်ကြည့်လို့ သဘောပေါက်သွားပြီးရင် မခက်တော့ပါဘူး။

သင်ပြပေးတဲ့ ဆရာဘဲ အရေးကြီးပါတယ်။ မျက်စိမှိတ်လိုက်တော့ ကိုယ့်ရဲ့ နဖူး၊ နှာခေါင်း၊ မျက်နှာ၊ ဘယ်ညာ၊ လက်နှစ်ဘက်၊ ရင်ဘတ်နဲ့ ကျော. . ၊ ဝမ်းဗိုက်နဲ့ ခါး၊ အောက်ပိုင်း တင်ပါး. . ၊ နောက် ပတ်ဝန်းကျင် ပေါ်တဲ့ အရိပ်တွေ ကြည့်လိုက်ပါဦး၊ နားထောင်ကြည့်ပါ၊ ဉာဏ်နားနဲ့ နား ထောင်ကြည့်ပါ။ တို့ကတော့ ခေါင်းဘဲ တို့ကတော့ လက်၊ ခြေဘဲ၊ တို့ကတော့ ဓမ္မာရုံဟော့ တို့ကတော့ နံရံ တံတိုင်းဘဲ. . စသည်ဖြင့် ဝစီပညတ်ရှိရဲ့လား၊ ငါပါလားလို့ ဝန်ခံရဲ့လားလို့ ကြည့်လိုက်ပါအုံး၊ မျက်နှာ၊ ကိုယ် အမူအရာ၊

အရိပ်ဟာ တံလျှပ်လိုဘဲ အစိုင်အခဲ ဟုတ်ရဲ့လားလို့ ကြည့်လိုက်ပါ၊ ဒီလောက် ဆို သဘောတရားကို သိလောက်ပါပြီ။

တကယ်ဉာဏ်နဲ့ ကြည့်လိုက်တော့ ငါရှိသေးရဲ့လား၊ (မရှိပါ ဘုရား. . .)။ ငါမရှိဘူးနော်၊ ငါမရှိရင် ရဟန္တာပါလားလို့ မေး၊ တာရဲ့လား၊ (မတာပါဘုရား. . .)။ တဏှာအစပ်မပြတ်သေးဘူး၊ ငါတော့ မရှိတော့ဘူး လေ။

**ရှင်ခေမကဝတ္ထုသာဓက**

ဒါက ရှင်ခေမကနဲ့ တောထွက်ရဟန်းကြီး (၆၀) အကြောင်းကို မိုးကုတ်ဆရာတော် ဘုရားကြီးဟောတာကို ဘုန်းဘုန်းမှတ်လိုက် ရဘူးတယ်၊ ရှင်ခေမက ရောဂါဖြစ်တော့ ရဟန်းခြောက်ဆယ်က မလှမ်းမကမ်း ကနေ ရောဂါမေးခိုင်းတယ်၊ ရောဂါတိုးသလား၊ ဆုတ်သလား ဆိုတာကိုနော်။ ရောဂါတိုးတယ်တဲ့ ဝေဒနာခံစားနေရတယ်လို့ ဖြေတယ်။ တစ်ခေါက်မေး လိုက်ပါအုံးတဲ့၊ ခန္ဓာငါးပါးကို (အာရုံသိ သဘောခန္ဓာငါးပါးကို) သတ္တဝါအထည် သူ ငါ ယူသေးလားလို့ မေးခိုင်းလိုက်တယ်။ ရှေးတုန်းက ဒီခန္ဓာငါးပါးကို သဘောပေါက်အောင် သင်ထားတာကိုး၊ ငါလို့ မယူတော့ပါဘူးတဲ့။ ဘယ်လိုကြည့်ကြည့်နော် သေသေချာချာ စိုက်ကြည့်လိုက်၊ အိမ်ကလည်း ငါ့အိမ်လို့ ဝန်ခံပါ့မလား၊ (မခံပါဘုရား. . .)။ မျက်နှာကရော ငါလို့ပြောရဲ့လား၊ (မပြောပါဘုရား. . .)။ အရိပ်ဟာ အရိပ်ပါဘဲ ဆိုတာသိနေပြီလေ၊ ဒီလောက်သိနေတယ်ဆိုရင် ငါမဟုတ်တော့ဘူး၊ ခန္ဓာငါးပါးသိရင် ငါ မဟုတ် မှန်းသိပြီ၊ ဒီတော့ မယူပါဘူးလို့ ဖြေလိုက်တယ်နော်။

ဒါနဲ့ ရဟန္တာပြီလားလို့ မေးတော့ မတာသေးဘူးတဲ့၊ တစ်ခေါက်ပြန်ပြီ မေးပါအုံးပေါ့၊ ငါလို့မယူဘူး ခန္ဓာငါးပါးကို ငါလို့မယူပေမယ့် ဘာလို့ရဟန်း မတာသေးတာလည်းတဲ့၊ ငါလို့မယူတော့ဘူးနော်။ အခုနေပြန်တွေး

မျက်နှာရယ်၊ အိမ်ရယ်၊ ငါ့အိမ်လို့ နော်၊ ငါရယ် အိမ်ရယ် တွေးကြည့်တော့ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား. . )။ မယူတော့ဘူးနော်၊ ဒါပေမယ့် ရဟန္တာဖြစ်ပါတော့လား ဆိုတော့လည်း မဖြစ်သေးဘူး၊ ဘာကြောင့်လည်းလို့ မေးတော့ ရှင်ခေမကဖြေတယ်၊ ငါယောင်ယောင် ကျန်သေးလို့ပါတဲ့၊ ဘာကျန်သေးတာတုန်း၊ (ငါယောင်ယောင်ပါဘုရား. . )။ သဘောပေါက်ပြီလား၊ သေသေချာချာကြည့်တော့ ငါ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား. . )။ မကြည့်ဘဲနေတော့ ဘာကျန်တုံး၊ ငါယောင်ယောင် ကျန်တယ်နော်။


ဒါလေးဟာ အရေးကြီးတယ် ပညတ်လေးပေါ့နော်၊ ငါ ယောင်ယောင် က အရေးကြီးတယ်နော်၊ အထည်သတ္တဝါ ရေးရေးလေးကျန်တယ်၊ ငါယောင်ယောင်လေး ရှိသေးတယ်လို့ အားလုံးဟာ မှတ်ထားလိုက်နော်။ ငါယောင်ယောင်လေး ကျန်သေးတယ်၊ အဝိဇ္ဇာ အနုသယလို့လဲ ခေါ်လို့ရတယ်၊ အဝိဇ္ဇာကြီးတော့မဟုတ်ဘူး၊ အဝိဇ္ဇာအနုသယကျန်သေးတယ်၊ သဘောပေါက်ရဲ့လား။ ဒီတော့ မရှုဘဲ ထားလိုက်ရင်လည်း ငါယောင်ယောင် က ရှိနေသေးတယ်။ သေသေချာချာ ကြည့်လိုက်ပြန်တော့လည်း ငါဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား . . . )။ ငါ့အိမ်လို့ရော ပြောရဲ့လား၊ ဒါဖြင့် ခဏ ခဏကြည့်ပေးပါတဲ့။ ဟိုက ငါ ယောင်ယောင်ကျန်တာကို ဘာလုပ်ရမလဲလို့ ထပ်မေးတော့ ကြားထဲက ပုဂ္ဂိုလ်က သွားရလာရတာ မသက်သာတော့ဘူးနော် ရှင်ခေမက နေမကောင်းရင်းက ငါ့ကိုတွဲခေါ်ပါကွာတဲ့ ဆိုပြီး ပြောတယ်။ မင်းကြားထဲက ဟိုသွား ဒီသွားနဲ့ ပင်ပန်းလှပါတယ်ဆိုပြီး သူကိုယ်တိုင်ဘဲ လိုက်သွားတယ်။ ရဟန်းခြောက်ဆယ်နဲ့တွေ့တော့ အရှင်ဘုရား တပည့်တော်တို့ကို ငါ ယောင်ယောင်နဲ့ ပတ်သက်ပြီး ရှင်းပြပါ ဆိုပြီး လျှောက်တယ်။

**အဝတ်လျှော်တဲ့ ဥပမာနဲ့ရှင်းပြတယ်** ရှေးတုန်းက ဆပ်ပြာမွှေးမရှိဘူး၊ အကျႌတွေ ချေး (ဂျီး) ပေရင် သစ်ခေါက်ရည်နဲ့ ပြုတ် လျှော် ရတယ်၊ ဖြူတော့သွားတယ်၊ သို့သော် သစ်ခေါက်အနံ့ကျန်သေးတယ်နော်။ ဖြူတော့ဖြူသွားပါပြီဘုရားတဲ့၊ သို့သော် သစ်ခေါက်အနံ့ ကျန်ပါသေးတယ်ဘုရားတဲ့၊ ဒါကိုဘာလုပ်မလဲဆိုတော့ သေတ္တာထဲမှာ အမွှေးနံ့သာနဲ့ သိပ်ထားလိုက်တဲ့၊ ဒါဆိုရင် အနံ့ပျောက်သွားလိမ့်မယ်တဲ့။ ဒါဆို ဘယ်လိုဆက်ရှုရမလဲလို့မေးတော့ ဒီအတိုင်းသာ ဆက်ရှုပါတဲ့၊ ပေါ်သမျှကို အဖြေထုတ်ပေးနေရုံဘဲ အသက်ရှူ လိုက်တိုင်း ထုတ်လိုက်တိုင်းမှာ အရိပ်ကို အကောင်းမထင်ဘဲနဲ့ ချုပ်ငြိမ်းတာ ကြည့်သွားတဲ့၊ လေ့ကျင့်သွားလိုက်ပါတဲ့။ **(မိုးကုတ်ဆရာတော်ကြီးက ဖြစ်ပျက်သာ ဆက်ရှုပါလို့သုံးပါတယ်)** ဒီလိုကျင့်ပါများရင် နောက် စိတ်ကလည်း နှလုံးသွေး မှီထားတာ မဟုတ်လား၊ သတ္တိတွေ ကိန်းမယ်၊ မဂ် သတ္တိတွေ ကိန်းတယ်ခေါ်တယ်။ ဝိပဿနာမဂ်ကနေ လောကုတ္တရာမဂ် ကူးလိမ့်မယ် ( ဆင့်ကဲ ဆင့်ကဲ ) တက်လိမ့်မယ်။ ဒီအခါကျတော့ ငါ ယောင်ယောင် ပျောက်ပါလိမ့်မယ်ဘုရားတဲ့၊ နည်းပေးတယ်နော်၊ ပြောရင်းနဲ့ဘဲ ကျင့်ကြတော့ မကြာပါဘူး၊ ရဟန္တာဖြစ်သွားကြတယ်။ ဒီတကျာအစပ် **အပြီးပြတ်သွားတာကိုပြောတာ၊** နားလည်ပြီနော်။

**သစ္စာလေးချက် တပြိုင်နက်** အရေးကြီးတာ ပထမဦးဆုံး နားလည်ဖို့ နံပါတ် ( ၂ ) အကွက်ဘဲ၊ ဒါသိပြီ**နော်။** ပိုင်းခြားသိတယ် ခေါ်တယ်။ ဒုက္ခသစ္စာကို ပိုင်းခြားသိလိုက်တာနဲ့တပြိုင်နက် လေးပါးလုံး သိသွားတယ်၊ သေသေချာချာ မှတ်ထားနော်။ အားလုံးရသွားပြီ၊ ဘယ်လိုရလည်းမေးတော့ ပေါ်တဲ့ သဘောတရားသည် အာရုံဒွါရ တိုက်လို့ပေါ်လိုက်တယ် မဟုတ်လား

ဒီလိုပေါ်တာကို ဉာဏ်ကစိုက်လိုက်တော့ နောက်ဉာဏ်နဲ့ကြည့်လိုက်တာနဲ့ သူကခန္ဓာချုပ်တာကို သွားတွေ့တာ၊ နားလည်ပြီနော်။ ချုပ်တယ်ဆိုတာ နိရောဓဘဲ ဒီလိုအမှန်အတိုင်း မြင်လိုက် တယ်ဆိုရင်ဘဲ တဏှာ လာသေးလား၊ (မလာသေးပါဘုရား . .)။ မလာ ချုပ်ခေါ်တယ် တဏှာမလာနိုင်တော့ဘူး။ သစ္စာလေးချက် တပြိုင်နက်ပြီးပါတယ်တဲ့။

ယံ ကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ "





သစ္စာလေးပါး တစ်ခါတည်းပြီးတာကို ကြည့်ရအောင် ဓမ္မစကြာရဲ့ တကာယ့်အနှစ်က "ယံ ကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ"တဲ့။

ဒါဟာ ဘုရားဟောတဲ့ စကားတော်နော်၊ ကောဏ္ဍည မထေရ်ကြီး သဘောပေါက်သွားတာလည်း ဒီစာသားဘဲတဲ့။ ဒါကိုမြင်တဲ့အခါ ဘုရားရှင် ကိုယ်တိုင်က "အညာသိ ဝတ္တ ဘော ကောဏ္ဍညော" လို့ ချီးကျူးလိုက် တယ်နော်။ ဒါသိတယ်ဆိုရင် ပြီးပြီနော်၊ တစ်လုံးချင်းဆိုရင် ယံ ဆိုတာ

**အကြောင်** လို့ အဓိပ္ပာယ်ရတယ်နော်၊ **ကိဥ္စိက တစ်စုံတစ်ခု** မပြည့်စုံသေး တော့ ဓမ္မနဲ့တွဲလိုက်နော် အကြောင်တစ်စုံတစ်ခုသော၊ သဘောတရားဟာ **သမုဒ္ဒယ ဓမ္မံ** အကြောင်းကြောင့်ဖြစ်သော သဘောတရား ရှိပါတယ်တဲ့။ **တံ သဗ္ဗံ** ထိုသဘောတရားအားလုံးတို့ဟာ **နိရောဓ ဓမ္မန္တိ** ချုပ်ငြိမ်းသော သဘောရှိတယ်တဲ့၊ ဘယ်တော့မှ ပြန်မလာတာကို ပြောတာနော်၊ ဒီတော့ သဘောတရားသည် အကြောင်းကြောင့် ဖြစ်ပေါ်လာတယ်တဲ့ ဘယ်နှစ်ကြိမ် ပေါ်ပေါ် ဘယ်လောက်ပေါ်ပေါ် ဒီအတိုင်းဘဲတဲ့။

တလောကလုံး ခြုံကြည့်ရင် သဘောတရားတစ်ခုဘဲ မြင်ရမယ်နော်၊ တစ်လောကလုံးကို ဘုန်းဘုန်းတို့ ယောဂီတို့ ဉာဏ်ထဲမှာ သဘောတရား တစ်ခုတည်းဆိုတာကိုတော့ စုစည်းတတ်ရမယ်။ တစ်လောကလုံးမှာ ရှိတာက ပြဟ္မာက နှစ်ဆယ် သုဒ္ဓါဝါသ (၅) ဘုံ၊ ပုထုဇျာန်ဘုံ (၁၅) ဘုံနဲ့ဆို နှစ်ဆယ် နော်၊ နတ်ပြည်က (၆) ထပ်၊ လူ့ဘုံက (၁) ဘုံ၊ အပါယ် လေးဘုံရှိတယ်၊ တလောကလုံးခြုံလိုက်ရင် သဘောတရားတစ်ခုတည်းရှိရမယ်။ ဥပမာ – လူတစ်ယောက်အိပ်ပျော်နေတယ်ဆိုရင် လောကနဲ့အဆက်အသွယ်ရှိပဲ့မလား၊ (မရှိပါဘုရား. . )။ သေမယ်ဆိုရင်ရော (မရှိပါဘုရား. . )။ ဒါဖြင့် အာရုံဒွါရ မှာ သိ–သဘောမပေါ်ရင် လောကမှခေါ်ဘူး။

အာရုံ–ဒွါရတိုက်ချိန်မှာ * ဒီ သိ–သဘောက လောက၊ ပေါ်ချင်တာ ပေါ်၊ ဒါဘဲ ရှိတယ်၊ ကြိုက်သလောက်ပေါ် ဒီတစ်မျိုးဘဲ ပေါ်တယ်။ ဒွါရ ခြောက်ပါးဆိုသော်လည်း တစ်ပေါက်မှာ ပေါ်နေရင် ကျန်တဲ့ (၅) ပေါက်မှာ မပေါ်ဘူး။ တစ်စိတ်ပဲရှိတာကိုး တစ်ခါပေါ်ရင် တစ်စိတ်ပဲပေါ်တာ မဟုတ်




* ပုံစံကိုထောက်ပြ၍ ဆိုခြင်းဖြစ်သည်။

လား။ ပေါ်ပြီးရင် သူက မြဲသလား၊ ပျောက်သလား ဆိုတော့ ပျောက်ပြတာဘဲ မဟုတ်လား၊ အဲဒီသဘောတရားကို နောက်စိတ်အစုက ပညာဦးစီးတဲ့ စိတ် (စေတသိတ်က ပညာစေတသိတ်နော်) ဦးစီးတော့မှ အမှန်အတိုင်းမြင်ရမှာ တဲ့ ပညာအလင်းနဲ့ကြည့်လိုက်တယ် ခေါ်တယ်။

ဒီလိုကြည့်လိုက်ရင် ချုပ်တာကိုတွေ့မယ်တဲ့၊ မကြည့်လို့ရှိရင် နောက် စိတ်မှာ ဝိဇ္ဇာခါတ် လွှမ်းမိုးတယ်ဆိုရင် အကောင်ထင်တာ ဒိဋ္ဌိ၊ သူ ငါထင်တာ မာန၊ ပြီးရင်ဆက်တဲ့ တဏှာလာမယ်တဲ့၊ ဒါဆိုရင် ခန္ဓာမငြိမ်းဘူး၊ ဆက်တယ် ဆိုတာ အိမ်အတွက် ငါ့သား၊ သမီးအတွက် အကုန်လာပြီတဲ့ လောင်တော့ မယ်။ ဒီလိုလောင်တယ်ဆိုရင် ဥပါဒါန်ကံရောက်ပြီး ဇာတိက မဆုံးတော့ဘူး၊ နားလည်ပြီနော်။ ရှုမယ့်နည်းဟာ ဘုရားပေးတဲ့နည်းအတိုင်း အာရုံဒွါရတိုက်လို့ ပေါ်လာရင်နောက်စိတ်အစုက အဖြေထုတ်လိုက်တယ်၊ အရှုဉာဏ်သဘော နော်၊ ဉာဏ်ကို ငါမလုပ်နဲ့နော်။

**ဥပမာ** ❀ ဂဏန်းပုစ္ဆာ တွက်သလိုပေါ့၊ ( ၅ ) အမြှောက် ( ၄ ) ၅ × ၄ = ? ဘုန်းဘုန်း ပြောတဲ့အထဲ ( ၂၀ ) ပါသလား၊ (မပါပါဘုရား . . . )။ နားကကြားတယ်၊ မနောအထိ ပေါ်တယ်၊ နောက်စိတ်က တွက်တာ။

အဲ့ဒီပမာလိုဘဲ အသက်ရှူလိုက်တယ်၊ ကိုယ်မှာထိတယ်၊ မနော ပေါ်တယ်။ နောက်စိတ်က "**နေတံမမ**" ငါ့ဟာလို့ မပြောပါဘူး၊ ငါလို့လဲ ဝန်မခံဘူး၊ "**နေသောဟ မသ္မိ**" အနှစ်မရှိဘူး၊ တံလျှပ်လိုပျောက်သွားတယ်။ "**နမေသော အတ္တာ**" အဲဒီအတိုင်းရှုလိုက်တဲ့အခါ ဒီခန္ဓာဟာ မြဲပြီမလား၊ ပျောက်ပြီမလား၊ (ပျောက်ပြပါမယ်ဘုရား . . )။ ဒါဖြင့် နောက်စိတ်က အမှန်သိလိုက်လို့ ပေါ်တာနော်၊ ဒီအချိန်မှာ နောက်စိတ်သည်ကား မဆုံးနိုင်တဲ့

ဇာတိတွေ ကိုသွားတဲ့လမ်း၊ ခန္ဓာ အစဉ်တန်းမှာ သံသရာကို ဖြတ်တဲ့ လမ်း ဖြစ်သွားတာ လွတ်သွားပြီ၊ ဇာတိမလာတော့ဘူး။ ဒါကို မဂ်ဉာဏ်လို့ ခေါ်တယ်နော်။ မဂ္ဂသစ္စာရပြီနော်။

ဒါက မပြတ်မလပ်လောင်နေတဲ့သဘော အာရုံ–ဒွါရမှာ ရုပ်–နာမ် ပေါင်းလောင်းတာသည် ဆင်းရဲတာဘဲ။ ဒါသည် ဒုက္ခသစ္စာ ချုပ်သွားတယ် ပြန်မလာတော့ဘူးဆိုရင် နိရောဓအမှန်နော်၊ ဒါကတော့ ဒုက္ခကိုဖြစ်စေတာ သမုဒယသစ္စနော်၊ ဒီတော့ သိ–ပယ်–ဆိုက်–ပွား တစ်ခါတည်းပြီးတယ်နော်၊ ဉာဏ်တစ်ချက် ပွားလိုက်ရင် ပိုင်းခြားသိလို့ ဒါ ပယ်ပြီးသားဖြစ်သွားပြီ သူလာမယ့်အချိန်မှာ ဉာဏ်လာတာဘဲ ဒါဟာ ပယ်ပြီးသား ဖြစ်မသွားဘူး လား၊ "မဟာတဗ္ဗ" ဒါသည် ပွားလိုက်တာ "ဘာဝေတဗ္ဗ" ပွားလိုက်တဲ့ အချိန်မှာ ဒါကို **(အာရုံဒွါရကမွေးတဲ့ သိ–သဘောခန္ဓာ)** ဒုက္ခသစ္စာကို ပိုင်းခြားသိတဲ့ ပရိညေယျ "**ဘူတံဘူတတော ပဿတိ**" ဖြစ်တယ်။

အရှိကို အရှိအတိုင်း ခန္ဓာချုပ်တာ မြင်လိုက်တဲ့ အချိန်မှာ ဒီက လွတ်သွားပြီး တဏှာမလာတော့ဘူး၊ အဲ့ဒီအချင်းအရာကို ဘုရားက နိဗ္ဗာန် လို့ပြောတာ၊ နားလည်ပြီနော်။ မြင်ရမှာက အရှိကို အရှိအတိုင်း မြင်ရမှာနော်။ ဒါကြောင့်မို့ ယောဆရာတော်ကြီးက အမိန့်ရှိတာ၊ တရားဆိုတာ "**ဘူတံ ဘူတတော ပဿတိ**" ပါဘဲကွယ်‥တဲ့။ အရှိကို အရှိအတိုင်း မြင်တာကို ပြောတာပါ၊ နားလည်ပြီနော်။ ဒါဆိုရင်တော့ တဏှာလာပါ့မလား၊ (မလာပါဘူးဘုရား‥)။ နိဗ္ဗာန်ပေါ်သွားပြီ၊ ငြင်းစရာမရှိအောင်ကို ပြောသွားတာနော်။ နိဗ္ဗာန်ပေါ်နေပြီလို့သာ မှတ်လိုက်တော့နော်၊ ရပြီနော်။ အရှိကို အရှိအတိုင်းမြင်နေချိန်မှာ တဏှာလာလို့လား၊ (မလာပါဘုရား‥)။ ဒါဆိုရင် နိဗ္ဗာန်ပေါ်နေပြီလို့သာ မှတ်တော့နော်။ သစ္စာလေးပါး တစ်ခါတည်း ကိုက်ညီမသွားဘူးလား၊ (ကိုက်ညီသွားပါတယ်ဘုရား‥‥)။ ဒါဖြင့် အားလုံးဟာ သိတယ်ဆိုရင်ဘဲ သစ္စာလေးချက်ဟာ တစ်ပြိုင်နက်ပြီးတယ်လို့

မှတ်ရမယ်။ အဲဒီအတိုင်း ကျင့်ကြပေတော့။

ဤကဲ့သို့ မြတ်စွာဘုရားရှင်ဟောကြားတော်မူတဲ့အတိုင်း မိမိတို့ သဏ္ဍာန်ဝယ် အာရုံ–ဒွါရတိုက်ချိန်မှာပင် ဘဝဆိုတာရှိတယ်၊ လောကဆိုတာ ရှိပါတယ်။ တစ်လောကလုံးလို့ ပြောသော်လည်း မနောတံခါးသည် ပေါ်တာဘဲ ရှိတယ်နော်။ အဲဒီ သိတဲ့သဘောတရားလေးကိုဘဲ လောကလို့ ဆိုထား ပါတယ်။ လောကလို့ ဆိုသော်လည်းဘဲ ငါးဒွါရမှာ အာရုံတိုက်ချိန် အသိ ခန္ဓာငါးပါးပေါ်မယ်၊ ကာလမခြား မနောပေါ်ရင် ကြံသိနော်။ ပြီးရင် မြဲမလား ပျောက်မလား၊ (ပျောက်ပါတယ်ဘုရား . . . )။ အကုန်လုံးခြုံလိုက်ရင် ခန္ဓာငါးပါးဟာ တစ်ခုတည်းပေါ်တာမဟုတ်လား၊ ပြီးရင် ပျောက်မသွားဘူး လား။ သူ့ဉာဏ်ထဲမှာ သတ္တဝါအထည်ပည တ်မဟုတ်ဘဲနဲ့ ခန္ဓာဖြစ်ပျက်တာ လောကရဲ့ချုပ်ငြိမ်းတာဘဲ။ ဒါကြောင့်မို့ "**ယံ ကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗတံ နိရောဓ ဓမ္မန္တိ**" လို့ ဆိုထားတာ၊ နားလည်ပြီနော်။ တွေးချင်တာတွေး လိုက်၊ အခုနေ ဘာတွေးတွေး ကစ်လောကလုံး ခြုံတွေးလိုက်နော်။ ဒီလို တွေးလည်း ခန္ဓာငါးပါး ဖြစ်ပျက်ဘဲတွေ့တယ်နော်။ ဒါဆိုရင် တည့်သွားပြီ၊ နားလည်ပြီနော်။ ဒါဆိုရင် ဘုရားဟောတဲ့၊ သစ္စာကို ရပြီလို့ မှတ်ကြတော့နော်။

ဘုရားဟောအတိုင်း အားလုံးသဘောပေါက်လျက် ဘုရားရှင် ချီးမွမ်း တော်မူတဲ့အတိုင်း "**အညာသိ ဝတ္တ ဘော ကောဏ္ဍညော**" လို့နော်။ ကောဏ္ဍညကို ဥဒါန်းကျူးတာနော်။ အမှန်တကယ်ပြင်ပြီလို့ ဘုရားဟော အတိုင်း ဝမ်းသာရမယ်။ ဉာဏ်မြင်တာ၊ ငါမြင်တာတော့ မဟုတ်ဘူးနော်။ ဒါဆိုရင် ထပ်ခါ ထပ်ခါ ပွားများကြရမယ်နော်။ အောက်မဂ်က အထက်မဂ် ထိအောင် ပွားများလျက် နောက်ဆုံးပိတ် အရဟတ္တဖိုလ်တိုင် ပေါက်မြောက် ပြီး ဘဝမခြားဘဲ ဇာတိကုန်၍ ခန္ဓာဇာတ်သိမ်း ငြိမ်းနိုင်ကြပါစေ။

သာဓု – သာဓု – သာဓု

## ဘုရားထန်တော့ခန်း

၁။ ငါးမာန်အောင်မြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၅။ ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၇။ နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၈။ ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

## မေတ္တာပို့ အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည့်၊ ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ပဲ၊ ရောက်ရပါလို၊ ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ အနိဋ္ဌဘေးဒဏ်၊ ရန်နှ မာရ်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ သဗ္ဗညုတ္တစွာမဂ်လာကို၊ ရွယ်ကာတတိုင်းရစေသော် ....။ ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို၊ မိဘဆရာ မျိုးသဟာနှင့်၊ ကိုယ့်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံ သုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျတို့ ရကြပါစေ ပေးမျှဝေသည်... များထွေသာဓုခေါ်စေသော် ..ဝသုန္ဓရေ ဤမြေပံ့သု သီလာထုလည်း သက်သေအမှု၌ တည်စေသော် ...။


ကုသိုလ် ... အမျှ ... အမျှ ... အမျှ ယူတော်မူကြပါကုန်လော့။

ဣမာယ ဓမ္မာနု၊ ဓမ္မ ပဋိပတ္တိရာ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တည်းဟူသော ဥုလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု၊ ဓမ္မ ပဋိပတ္တိရာ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တည်းဟူသော ဥုလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် ဓမ္မံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု၊ ဓမ္မ ပဋိပတ္တိရာ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တည်းဟူသော ဥုလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့် သံဃံ–သံဃာတော်မြတ် ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓု



၁၃၆၅ ခု၊ ဝါဆိုလပြည့် ( ဓမ္မစကြာနေ့ )

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ဟောကြားတော်မူသည်။